# ကြေးမုံ The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday, 22 May 2025 ၁၁၈၂၅


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့်အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခြေခံနှင့်တန်းမြင့် ရေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)နှင့် အခြေခံနှင့်တန်းမြင့် လေကြောင်းလူငယ်သင်တန်း(၁/၂၀၂၅)မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# လူငယ်များ၏အခန်းကဏ္ဍနှင့်ပတ်သက်ပြီး အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိ

# အမိတိုင်းပြည်အပေါ် သစ္စာစောင့်သိရိုသေပြီး သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များနှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်ကအားကိုးအားထားပြုရမည့် မျိုးဆက်သစ်မောင်မယ်များဖြစ်အောင် ကြိုးပမ်း

နေပြည်တော် မေ ၂၁

နိုင်ငံတော်ကိုတည်ငြိမ်အေးချမ်းမှုရှိပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိရာတွင် လူငယ်များ၏အခန်းကဏ္ဍနှင့်ပတ်သက်ပြီး အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များ မွေးမြူနေချိန်တွင် မောင်တို့မယ်တို့အနေဖြင့် သင်ယူခဲ့သည့်ပညာရပ်များ၏ အခြေခံသဘောတရားများမှတစ်ဆင့် စူးစမ်းလေ့လာမှုများပြုလုပ်ပြီး တိုးတက်အောင်မြင်အောင် ထပ်မံကြိုးစားသွားကြရန်လိုကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် အခြေခံနှင့်တန်းမြင့် ရေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် အခြေခံနှင့်တန်းမြင့် လေကြောင်းလူငယ်သင်တန်း(၁/၂၀၂၅)မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

## ယနေ့ ဖတ်စရာ


**နိုင်ငံတကာမှကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ** စာမျက်နှာ ၈၊ ၉

**၂၀၂၅ ရိုမေးနီးယားရွေးကောက်ပွဲ သုံးသပ်ချက်** ဆောင်းပါး စာမျက်နှာ ၁၂

**မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်** စာမျက်နှာ ၁၇

ကြေးမုံ

# ကောင်းမွန်သည့်အုပ်ချုပ်ရေးယန္တရားဖြင့် လုပ်ငန်းများ အောင်မြင်အောင်ကြိုးပမ်း

"တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် အရည်အချင်းပြည့်ဝနေရန်လိုကြောင်း၊ အုပ်ချုပ်ရေးတာဝန်ယူထားသူများနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းနေရန်လိုကြောင်း၊ ထို့ကြောင့် အုပ်ချုပ်သူများအနေဖြင့် အရည်အချင်းပြည့်ဝရန်လိုအပ်သကဲ့သို့ အုပ်ချုပ်မှုအတတ်ပညာ၊ ဥပဒေနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအမြင်များ ရှိရန်လိုကြောင်း" မေလ ၁၉ ရက်နေ့က ပြုလုပ်သည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်သည်။ တာဝန်စတင်ထမ်းဆောင်ချိန်မှစ၍ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ တာဝန်ပေးအပ်ရာတွင်လည်း တပ်မတော်သားများကိုသာ ခန့်အပ်ခြင်းမဟုတ်ဘဲ စစ်ဘက်နှင့်နယ်ဘက် မျှတအောင် တာဝန်ပေးခန့်အပ်၍ ဆောင်ရွက်ခဲ့သည်။ အစိုးရအဖွဲ့အနေဖြင့် တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း လုပ်ငန်းကဏ္ဍအသီးသီးအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးအရ တာဝန်ယူဆောင်ရွက်ရာတွင် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာများကို ခွဲဝေဆောင်ရွက်လျက်ရှိသည်။ ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံများတွင် အဆိုပါမဏ္ဍိုင်သုံးရပ်တည့်မတ်ခိုင်မာအောင်၊ နိုင်ငံနှင့် ပြည်သူကို အကျိုးပြုအောင် ကြိုးပမ်းဆောင်ရွက်ကြသည့်နည်းတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည်လည်း အလေးထားဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရက လုပ်ငန်းများဆောင်ရွက်ရာတွင် ဦးစားပေးချမှတ်ခြင်းနှင့် အထောက်အကူပြုကဏ္ဍများ၏လုပ်ငန်းများကို ချမှတ်ထားသော မူဝါဒအရ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နည်းဗျူဟာများ၊ မဟာဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်ထောင်စုအစိုးရအခွင့်အာဏာနှင့် ဘဏ္ဍာငွေခွဲဝေခြင်းကို အလေအလွင့်မရှိစေဘဲ အကျိုးရှိထိရောက်စွာ စနစ်တကျမျှဝေဆောင်ရွက်လျက်ရှိသည်။ ပုံမှန်စီမံကိန်းလုပ်ငန်းများသာမက ပြီးခဲ့သည့်ကာလများတွင် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းနှင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို စနစ်တကျစီမံခန့်ခွဲဆောင်ရွက်နိုင်ခဲ့သည်။

အုပ်ချုပ်ရေးအစိုးရဆိုသည်မှာ ပြည်ထောင်စုအဆင့်မှ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးရုံးများအထိပါဝင်သဖြင့် ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ကြရသည်။ အုပ်ချုပ်ရေးတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ခိုင်မာမှန်ကန်သောမူဝါဒနှင့် အစီအမံကောင်းများ၊ လုပ်ငန်းစဉ်များ အချိန်မီဆောင်ရွက်နိုင်ရန် အရည်အချင်းပြည့်ဝ၍ အဆင့်မြင့်ပညာ တတ်ကျွမ်းနားလည်သော ကောင်းစွာလေ့ကျင့်ပျိုးထောင်ထားသည့် လုပ်ငန်းအတွေ့အကြုံရင့်ကျက်သော ပုဂ္ဂိုလ်များ၊ ဝန်ထမ်းများ မရှိမဖြစ်လိုအပ်သည်။ အများပြည်သူအကျိုးစီးပွားနှင့် ဝန်ဆောင်မှုများကို ဆောင်ရွက်ရသောလုပ်ငန်းများအနေဖြင့် ပြည်သူလူထု ယုံကြည်လေးစားအားကိုးရသည့် အဖွဲ့အစည်းများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အစိုးရလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးကဏ္ဍများသာမက မြို့ရွာစည်ပင်သာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မျက်ခြည်မပြတ် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ မြို့ရွာအဆင့်တာဝန်ရှိသူအဆင့်ဆင့်တို့အနေဖြင့် နိုင်ငံတော်အစိုးရကိုယ်စား ဆောင်ရွက်ကြရသူများဖြစ်၍ မြို့ရွာဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များအပြင် ဒေသအခြေပြု စီးပွားရေးလုပ်ငန်းနယ်ပယ်များ ဖွံ့ဖြိုးရေးတွင် ပိုမိုလုပ်သာကိုင်သာရှိနိုင်သော အခြေအနေအရပ်ရပ်ကို ဖန်တီးပေးရန်လိုသည်။ အုပ်ချုပ်ရေးဆောင်ရွက်ကြသူများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းပြီး နိုင်ငံချစ်စိတ်ဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ရှေးရှုဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ထားသည့်အတိုင်း ပြည်ထောင်စုအဖွဲ့အစည်းများအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်ကျေးရွာအလိုက်၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများအလိုက် အုပ်ချုပ်ရေးတာဝန်ယူထားသူများနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းပြီး အုပ်ချုပ်ရေးအတတ်ပညာ၊ ဥပဒေနှင့် ဒေသဖွံ့ဖြိုးရေးအမြင်များရှိသည့် အရည်အချင်းပြည့်ဝသူများဖြစ်အောင် လေ့ကျင့်ပြီး ကောင်းမွန်သည့်အုပ်ချုပ်ရေးယန္တရားဖြင့် လုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။

## လှူဒါန်းနိုင်ရန်နှိုးဆော်ချက်

၂၈.၃.၂၀၂၅ ရက်နေ့တွင်လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရားနှင့် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံ ၁၇၈၁ ဆူနှင့် ဘုရားစေတီ၊ သာသနိကအဆောက်အအုံ ၄၉၉၈ ခု စုစုပေါင်း ၆၇၇၉ ဆူ ထိခိုက်ပျက်စီးခဲ့ပါသည်။ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ဘုရား၊ စေတီတစ်ဆူလုံးကိုဖြစ်စေ သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် စေတီ၊ ဘုရားများပြုပြင်ရန် လှူဒါန်းလိုပါက နေပြည်တော်တွင် ဦးထွန်းမြင့်အောင် ညွှန်ကြားရေးမှူး နေပြည်တော်သာသနာရေးမှူးရုံး ဖုန်း-၀၆၇ ၃၅၅၀၁၈၃၊ ၀၉၄၂၀၇၀၁၄၆၉ နှင့် ဒေါ်နီလာအေး ဒုတိယညွှန်ကြားရေးမှူး ဖုန်း - ၀၉၄၂၀၇၁၄၇၆၀ တို့သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဦးဖြိုးဇော်ဇော် ညွှန်ကြားရေးမှူး မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး ဖုန်း- ၀၉၄၂၁၂၂၂၂၅၁ နှင့် ဒေါ်မျိုးပပကျော် လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း- ၀၉၄၂၀၇၀၀၇၉၀ တို့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဦးဇော်ဦး ညွှန်ကြားရေးမှူး ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၉၂၀၃၈၅၆၃နှင့် ဒေါက်တာဝတ်ရည်ဝင်းသန့် ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၉၅၁၉၄၀၈၂ တို့သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဦးလှမင်းနိုင် လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း- ၀၉၄၀၂၆၁၀၁၃၄၊ ၀၉၆၆၄၆၉၀၆၇၅ နှင့် ဦးဖြိုးနောင် လက်ထောက်ညွှန်ကြားရေးမှူး စစ်ကိုင်းတိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၉၄၂၀၇၂၆၄၉၀၊ ၀၉၇၈၈၉၁၁၂၁၁ တို့သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဦးစိုးမိုးကျော် ညွှန်ကြားရေးမှူး ပဲခူးတိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း- ၀၉ ၂၅၉၂၀၉၄၄၈ နှင့် ဦးထွန်းထွန်းလွင် ဒုတိယညွှန်ကြားရေးမှူး ဖုန်း- ၀၉၄၃၀၁၉၁၆၈ တို့သို့လည်းကောင်း၊ ရှမ်းပြည်နယ်တွင် ဦးသိန်းငွေ ညွှန်ကြားရေးမှူး ရှမ်းပြည်နယ်သာသနာရေးမှူးရုံး ဖုန်း- ၀၉၄၂၀၇၃၀၈၃၉ နှင့် ဒေါ်ခက်ခက်လှ ဒုတိယညွှန်ကြားရေးမှူး ဖုန်း - ၀၉၄၃၀၄၃၃၀၇ တို့သို့လည်းကောင်း ဆက်သွယ်၍ လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၁**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် မေ ၂၁ ရက်အထိ သေဆုံးသူ ၃၇၂၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၇၈ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၆ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက် သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၁ - ၅ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၇၃၀၀၀၀ ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၁- ၅ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၇၀၀ | ၆,၇၀၀ | ၃၃၅ | ၂,၂၄၄,၅၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၃,၉၁၇ | ၁၁,၅၅၅,၁၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁,၈၀၀ | ၁,၇၅၀ | ၂၁၄ | ၃၇၄,၅၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |
| EFR | ၁,၄၅၀ | ၁,၅၀၀ | ၅၁၅ | ၇၆၀,၀၀၀ |
| AMATA | ၃,၇၀၀ | ၃,၇၀၀ | ၂၅၀ | ၉၂၅,၀၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၀၀ | ၆ | ၁၉,၂၀၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၁၀၀ | ၀ | ၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ အခြေခံနှင့်တန်းမြင့် ရေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် အခြေခံနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း(၁/၂၀၂၅)မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

☆ **ရှေ့ဖုံးမှ**

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်မောင်မယ်များ၊ အုပ်ချုပ်သူနည်းပြများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နှစ်စဉ်နွေရာသီကျောင်းပိတ်ရက်ရှည်ကာလတွင် မိမိတို့၏ကိုယ်ပိုင်အချိန်များကို အကျိုးမဲ့မဖြစ်စေဘဲ မိမိအတွက်သော်လည်းကောင်း၊ တိုင်းပြည်အတွက်သော်လည်းကောင်း အကျိုးရှိစေသည့် ရေကြောင်း၊ လေကြောင်းပညာရပ်ဆိုင်ရာ လူငယ်သင်တန်းအသီးသီးကို လေ့လာသင်ယူတက်ရောက်ခဲ့ကြသည့် နိုင်ငံတစ်ဝန်းမှ မောင်မယ်များနှင့်တွေ့ဆုံပြီး ဂုဏ်ပြုအမှာစကားပြောကြားခြင်းဖြစ်ကြောင်း။

ယခုသင်တန်းများကို ၂၀၁၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး ယခုအထိ သင်တန်းကိုးကြိမ်ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ သင်တန်းစတင်ဖွင့်လှစ်ချိန်တွင် သင်တန်းသားတစ်ဦးကို သင်တန်းတစ်ကြိမ်သာ တက်ရောက်နိုင်ရန်စီစဉ်ခဲ့သော်လည်း နောက်ပိုင်းတွင်သင်တန်းတက်ရောက်ပြီးလူငယ်များ၊ သင်တန်းမတက်ရသေးသည့် လူငယ်များ၏ ထက်သန်သည့်စိတ်ပါဝင်စားမှုနှင့် တင်ပြမှုများကြောင့် သင်တန်းတက်ရောက်ပြီး လူငယ်များကို နောက်နှစ်တွင် သင်တန်းဆက်တက်နိုင်ရန် တန်းမြင့်



ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များ ဖေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြစဉ်။

သင်တန်းများကို ၂၀၁၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ထို့ကြောင့် ယနေ့အထိ အခြေခံရေကြောင်း၊ လေကြောင်းလူငယ်သင်တန်း ကိုးကြိမ်၊ သင်တန်းသား ၈၄၄၆ ဦး၊ တန်းမြင့်ရေကြောင်း၊ လေကြောင်းလူငယ်သင်တန်း ရှစ်ကြိမ်၊ သင်တန်းသား ၁၆၄၄ ဦး စုစုပေါင်း လူငယ် ၁၀၀၉၀ ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ကြောင်း။

သင်တန်းဖွင့်လှစ်ရသည့် မူလရည်မှန်းချက်များအောင်မြင်ခဲ့ရုံသာမက သင်တန်းကာလတွင် **နိုင်ငံ၏ဒေသအသီးသီးမှ လူငယ်များသည် သင်တန်းအတူတက်ရောက်ခွင့်၊ အတူပူးပေါင်းဆောင်ရွက်ခွင့်၊ အတွေ့အကြုံဗဟုသုတ ဖလှယ်ခွင့်များရရှိခဲ့ပြီး စိတ်တူကိုယ်တူ မိတ်ကောင်းဆွေကောင်းများရရှိခဲ့ကြခြင်းသည် တန်ဖိုးမဖြတ်နိုင်သည့် အခွင့်အလမ်းကောင်းတစ်ရပ်ပင်ဖြစ်ကြောင်း၊ အဆိုပါမိတ်ကောင်းဆွေကောင်း အသိုက်အဝန်းမှတစ်ဆင့် သူ့မိတ်ဆွေ၊ ကိုယ့်မိတ်ဆွေ အသိုက်အဝန်းများထပ်တိုးပြီး ဖလှယ်ခွင့်ရရှိခြင်းကြောင့် လူငယ်ဘဝ၌ပင် ကျယ်ပြန့်သည့် လူမှုဆက်ဆံရေးနယ်ပယ်များကို ရရှိလာမည်ဖြစ်**ကြောင်း။

**မိတ်ဆွေကောင်း၏အရေးပါမှု**

နိုင်ငံတော်ကိုတည်ငြိမ်အေးချမ်းမှုရှိပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိရာတွင် လူငယ်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်ပြီး အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဦးတည်ချက်(၉)ရပ်တွင် ပြဋ္ဌာန်းထားသည့် လူမှုရေးကဏ္ဍ၌ လူငယ်များနှင့် ပတ်သက်ပြီး **"နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"** ဟူ၍ ပြဋ္ဌာန်းပေးထားပြီးဖြစ်ကြောင်း၊ ဗလငါးတန်အနက် မိတ္တဗလဟူသည်မှာ လူရယ်လို့ဖြစ်လာပါက မိတ်ကောင်းဆွေမွန်ရှိရန်လိုအပ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ရိုင်းပင်းကူညီမှု၊ စာနာဖေးမမှု၊ အမှားတွေ့ပါက စေတနာဖြင့်ဝေဖန်ထောက်ပြမှုစသည်တို့သည် မိတ်ဆွေအချင်းချင်း ပြုမူပေးတတ်သည့် အလေ့အကျင့်ကောင်းများပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့မိတ်ဆွေကောင်းများကို ပိုင်ဆိုင်ခြင်းအားဖြင့် မိမိတို့ဖြတ်သန်းရမည့် အနာဂတ်ဘဝကို ဖြောင့်တန်းအောင် လျှောက်လှမ်းနိုင်ကြမည်ပင်ဖြစ်ကြောင်း။

လူတိုင်းတွင် မိတ်ဆွေကောင်းရှိရန်အရေးကြီးသကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် မိမိတို့နိုင်ငံတော်ကြီးသည်လည်း မိတ်ဆွေကောင်းများ ပိုင်ဆိုင်ထားသည့်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ပြည်တွင်းရေးအခြေအနေများနှင့်ပတ်သက်ပြီး အမှန်တရားဘက်က အရှိအတိုင်းရပ်တည်ပေးသည့် နိုင်ငံများသည် နိုင်ငံတော်၏မိတ်ဆွေကောင်းများပင် ဖြစ်ကြကြောင်း။

မကြာခင်ကဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကို မောင်တို့မယ်တို့လည်း သိရှိခဲ့ကြပြီးဖြစ်ကြောင်း၊ ငလျင်ကြောင့် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရချိန်တွင် အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ပေးရန်ရောက်လာသည့် မိတ်ဆွေကောင်းနိုင်ငံများ၊ ဝမ်းနည်းစာနာကြောင်း သဝဏ်လွှာပေးပို့ခဲ့ကြသည့် နိုင်ငံ့ခေါင်းဆောင်များ၊ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ စားသောက်နေထိုင်ရေးကဏ္ဍစုံတွင် ပံ့ပိုးကူညီပေးကြသည့်အဖွဲ့အစည်းများနှင့် နိုင်ငံများသည် မိမိတို့နိုင်ငံအတွက်မိတ်ဆွေကောင်းများဟုဆိုရမည်ဖြစ်ကြောင်း။

**လူငယ်ဘဝကတည်းက**

**အသိမှန် အတွေးမှန် ရှိကြရန်လို**

စာအုပ်စာပေများသည်လည်း လူသားတို့၏ မိတ်ဆွေများဖြစ်ကြောင်း၊ လူများ၏စိတ်ကို နူးညံ့စေသည့် ရသစာပေများ၊ အတွေးအခေါ်ဗဟုသုတမြင့်မားစေသည့် သုတစာပေများကို ဖတ်ရှုလေ့လာပြီး မိမိ၏ဘဝ အစဉ်တိုးတက်နေအောင် ကြိုးပမ်းသွားကြရန်နှင့် နိုင်ငံတော်အတွက် အားကိုးအားထားပြုရသည့် အနာဂတ်သားကောင်းရတနာများ ဖြစ်အောင် ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရန်လို**

**ဒီမြေမှာမွေး ဒီမြေမှာကြီးပြင်းခဲ့ကြသူများပီပီ အမိနိုင်ငံတော်ကြီး၏ သမိုင်းကြောင်းအစဉ်အလာများကို ကောင်းစွာသိရှိနားလည်ထားရမည်ဖြစ်**ကြောင်း၊ ခိုင်မာသည့်သမိုင်းအထောက်အထားများအရ မိမိတို့နိုင်ငံသည် လွန်ခဲ့သည့်နှစ်ပေါင်း ၂၁၀၀ (ဘီစီ ၁ ရာစု)ခန့်ကတည်းက မြို့ပြနိုင်ငံများ စတင်ထူထောင်နေထိုင်ခဲ့ကြသည့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်သမိုင်းကြောင်းရှိသည့်နိုင်ငံဖြစ်ကြောင်း၊ လွန်ခဲ့သည့်နှစ်ပေါင်း ၁၁၀၀ ခန့်က ပုဂံအင်ပါယာကို စတင်ထူထောင်ခဲ့ပြီးနောက်ပိုင်းတွင် တိုင်းရင်းသားပေါင်းစုံစုစည်းပြီး ကိုယ့်မင်းကိုယ့်ချင်းနှင့် ရပ်တည်ခဲ့သည့် ဘုရင့်နိုင်ငံဖြစ်ကြောင်း၊ သမိုင်းကြောင်းအရ ရှည်လျားလှသော်လည်း အဆိုပါခေတ်က ခေတ်နှင့်လျော်ညီသည့် ခေတ်မီပညာရပ်များ သင်ကြားသင်ယူမှုမရှိနိုင်ခဲ့သဖြင့် ခေတ်ပညာတတ်များမရှိခြင်း၊ စည်းလုံးညီညွတ်မှု အားနည်းခြင်းများကြောင့်

**စာမျက်နှာ ၄ သို့** ☆

**○ နိုင်ငံ၏ဒေသအသီးသီးမှ လူငယ်များသည် သင်တန်းအတူတက်ရောက်ခွင့်၊ အတူပူးပေါင်းဆောင်ရွက်ခွင့်၊ အတွေ့အကြုံဗဟုသုတဖလှယ်ခွင့်များ ရရှိခဲ့ပြီး စိတ်တူကိုယ်တူ မိတ်ကောင်းဆွေကောင်းများရရှိခဲ့ကြခြင်းသည် တန်ဖိုးမဖြတ်နိုင်သည့် အခွင့်အလမ်းကောင်းတစ်ရပ်ပင်ဖြစ်**

**○ အဆိုပါ မိတ်ကောင်းဆွေကောင်း အသိုက်အဝန်းမှတစ်ဆင့် သူ့မိတ်ဆွေ၊ ကိုယ့်မိတ်ဆွေအသိုက်အဝန်းများ ထပ်တိုးပြီး ဖလှယ်ခွင့်ရရှိခြင်းကြောင့် လူငယ်ဘဝ၌ပင် ကျယ်ပြန့်သည့်လူမှုဆက်ဆံရေးနယ်ပယ်များကို ရရှိလာမည်**

✯ စာမျက်နှာ ၃ မှ
ခေတ်မီနိုင်ငံ၊ ခေတ်မီလူ့အဖွဲ့အစည်း၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ခေတ်မီတပ်မတော် တည်ဆောက်ရာတွင် အားနည်းခဲ့ကြရကြောင်း၊ ထို့ကြောင့် သမိုင်းအစဉ်အလာကြီးမားသည့် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးခဲ့ရကြောင်း။

မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးသည် မျိုးချစ်လူငယ်များက ခေတ်မီတပ်မတော်တစ်ရပ်ထူထောင်ပြီး ပြည်သူလူထု၏ တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းကြိုးပမ်းမှုများကြောင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးအတွက် ပြည်သူများ၊ တပ်မတော်သားများ အသက်၊ သွေး၊ ချွေးများစွာ ပေးဆပ်ပြီး စွန့်လွှတ်စွန့်စားမှုအပြည့်ဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း၊ **လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ကိုလိုနီနယ်ချဲ့များ၏ သွေးခွဲအုပ်ချုပ်မှုစနစ်ဆိုးများ၊ သွေးထိုးလှုံ့ဆော်မှုများကြောင့် " တိုင်းပြည်ကနုနု၊ မုန်တိုင်းကထန်ထန်" ဆိုသကဲ့သို့ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများနှင့် ကြုံတွေ့ခဲ့ရကြောင်း၊ ရက်ပိုင်း၊ လပိုင်းသာရှိသေးသည့် လွတ်လပ်ရေးသစ်ပင်သည် အသီးအပွင့်မမြင်ရသေးခင်မှာပင် အမြစ်ကဆွဲနုတ်ခံရမည့်အဖြစ်မျိုး ကြုံခဲ့ရ**ကြောင်း၊ တပ်မတော်နှင့်ပြည်သူ လက်တွဲပြီး ခက်ခက်ခဲခဲလွတ်လပ်ရေးကို ကာကွယ်ခဲ့ရကြောင်း၊ ပြည်တွင်းသောင်းကျန်းမှု၊ ပြည်ပကူမင်တန်ကျူးကျော်မှုများနှိမ်နင်းအပြီးတွင် နိုင်ငံရေးအားနည်းချက်များ၊ ပြည်ပပယောဂများကြောင့် တိုင်းပြည်ပြိုကွဲမည့်အန္တရာယ်နှင့် ကြုံတွေ့ရပြန်ကြောင်း၊ **အမြစ်ကနုတ်ခံရမည့် လွတ်လပ်ရေးသစ်ပင်ကို ခက်ခက်ခဲခဲကြိုးပမ်းကာကွယ်နိုင်ခဲ့ပြီး နောက်ပိုင်းတွင် အပိုင်းပိုင်းဖြတ်မည့်အန္တရာယ်နှင့် ထပ်မံကြုံတွေ့ရခြင်းဖြစ်**ကြောင်း၊ ထို့ကြောင့် အခြေအနေအရပ်ရပ်ကိုသုံးသပ်ပြီး နိုင်ငံရေးစုစည်းညီညွတ်မှု၊ လူမှုရေးနှင့် စီးပွားရေး စည်းလုံးညီညွတ်မှုရရှိစေရေးအတွက် ဗဟိုကွပ်ကဲအုပ်ချုပ်မှုနှင့် နိုင်ငံကို ပြန်လည်စုစည်းတည်ဆောက်ခဲ့ရကြောင်း။

ဗဟိုကွပ်ကဲအုပ်ချုပ်မှုတွင် အားနည်းချက်များရှိသကဲ့သို့ အားသာချက်များလည်းရှိခဲ့ကြောင်း၊ စုစည်းသည့်နိုင်ငံရေးစနစ်ကို တည်ဆောက်နိုင်ခဲ့သော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင် အားနည်းခဲ့ကြောင်း၊ ထိုအပေါ်တွင် အခွင့်ကောင်းယူပြီး ပြည်တွင်းပြည်ပအဖျက်သမားများသည် နှစ်ရှည်လများ နည်းအမျိုးမျိုးဖြင့် ထိုးနှက်တိုက်ခိုက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ရယူခဲ့ရပြီး ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို တည်ငြိမ်အေးချမ်းစွာ ကူးပြောင်းနိုင်ရန် တည်ဆောက်ဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုနေရာတွင် သတိပြုမိရန်ကလည်း ပြည်ပ၏ပယောဂပင်ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးချိန်ကတည်းက မတည်မငြိမ်ဖြစ်အောင် စဉ်ဆက်မပြတ်လုပ်ဆောင်လာခဲ့သည့် အဆိုပါအင်အားစုများနှင့် ၎င်းတို့၏ အဆက်အနွယ်များကပင် အဆိုပါကိစ္စကို နှပ်ကြောင်းပေးဆောင်ရွက်ခဲ့ခြင်းဖြစ်**ကြောင်း၊ အချိန်မရွေး ဝင်ရောက်စွက်ဖက်၍ ကောင်းစေရန် ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ယင်းကိုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ထိန်းသိမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ **အဖျက်သမားများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေက ထိန်းသိမ်းထားသည့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဟန်ချက်ညီမှု၊ လူမှုစီးပွားဘဝ ဟန်ချက်ညီမှုများကို သိရှိကြကြောင်း၊ အဆိုပါဟန်ချက်ညီမှုများကို ဖျက်ဆီးနိုင်မှသာ ၎င်းတို့၏ယုတ်မာသည့် နိုင်ငံတော်ပြိုကွဲစေရေး အကြံအစည်များနှင့် ဒေသအတွင်း မြန်မာကို တည်ကြက်ထားပြီး ၎င်းတို့ထိန်းချုပ်လိုသည့်နိုင်ငံများကို ထိန်းချုပ်လိုသည့် အကြံအစည်များအား အကောင်အထည်ဖော်နိုင်မည်ကို သိရှိကြကြောင်း၊ ယင်းကို ၎င်းတို့ စဉ်ဆက်မပြတ်ဆောင်ရွက်နေကြသည်ကို မိမိတို့နိုင်ငံသားများအားလုံးကသိရှိ သတိရှိကြရမည်ဖြစ်ကြောင်း။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေကြောင်းလူငယ်မောင်မယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အဖြစ် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်အဖြစ် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးတို့ကို ချမှတ်ထားကြောင်း၊ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းသည့်နေရာတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတုန်းကကဲ့သို့ သမိုင်းတွင် အရုပ်ဆိုးအကျည်းတန်သည့်အဖြစ်မျိုးများ၊ ရွေးကောက်ပွဲမတိုင်မီကာလတွင်လည်း ဒီမိုကရေစီအမည်ခံ ဥပဒေမဲ့လုပ်ဆောင်မှုများ၊ အာဏာရှင်ဆန်ဆန်လုပ်ဆောင်မှုများကြောင့် တိုင်းပြည်၏ စည်းလုံးညီညွတ်မှု၊ ဟန်ချက်ညီရပ်တည်မှုများ ပြိုကွဲမည့်အဖြစ်များ ထပ်မံမဖြစ်ပေါ်စေရေး လုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ ထို့ကြောင့် **နိုင်ငံသားတိုင်းသည် မိမိတို့နိုင်ငံ၏ သမိုင်းဖြစ်ရပ်မှန်များကိုသိရှိပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ဦးဆောင်လူငယ်များအဖြစ် ပါဝင်ကြရန်လို**ကြောင်း။

တစ်လုတ်စားဖူးသူ့ကျေးဇူးဆိုသည့် စကားနှင့်အညီ **ဒီမြေမှာမွေး၊ ဒီမြေမှာကြီးပြင်းကြသူများသည် နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိကြရမည့်တာဝန်ဝတ္တရားရှိ**ကြကြောင်း၊ အလားတူ မိမိအပေါ် ပြုဖူးသည့် ကျေးဇူးမှန်သမျှကိုလည်း အစဉ်အသိအမှတ်ပြုနိုင်မှသာ လူပီသပြီး လူ့အဖွဲ့အစည်းက အသိအမှတ်ပြုခံရသည့် လူသားများဖြစ်လာကြမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ရာမှတစ်ဆင့် ရရှိခဲ့သည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ချစ်ခင်စည်းလုံးညီညွတ်မှုများကို ဆက်လက်မွေးမြူပြီး ပြည်ထောင်စုစိတ်ဓာတ်ကိုမွေးမြူကြရန်၊ နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များ မွေးမြူနေချိန်တွင် သင်ယူခဲ့သည့်ပညာရပ်များ၏ အခြေခံသဘောတရားများမှ စူးစမ်းလေ့လာမှုများပြုလုပ်ပြီး တိုးတက်အောင်မြင်အောင် ထပ်မံကြိုးစားသွားကြရန်၊ မှန်ကန်သည့်အသိအမြင်များရရှိစေရန် စာကောင်းပေမွန်များကိုဖတ်ရှုပြီး မိဘဆရာသမားများ၏ အဆုံးအမများအတိုင်း လိုက်နာနေထိုင်သွားကြရန် **"ပညာရွှေအိုး လူမခိုး"** ဆိုသည့်အတိုင်း ပြောင်းလဲတိုးတက်နေသည့် ပညာခေတ်တွင် ပညာကို တစိုက်မတ်မတ်ရှာဖွေရင်း တစ်ဖက်တွင်လည်း မိမိတို့၏ကျန်းမာရေးအတွက် ဂရုပြုဆင်ခြင်နေထိုင်သွားကြရန်၊ အမိတိုင်းပြည်အပေါ် သစ္စာစောင့်သိရိုသေပြီး သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များနှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်က အားကိုးအားထားပြုရမည့် မျိုးဆက်သစ်မောင်မယ်များဖြစ်အောင် ကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး လူငယ်မောင်မယ်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂါဝရပြုလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ရေကြောင်းလူငယ်သင်တန်းမှ မငုရီကိုကိုနှင့် လေကြောင်းလူငယ်သင်တန်းမှ မသုရတနာအောင်တို့က အခြေခံနှင့် တန်းမြင့်ရေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) နှင့်အခြေခံနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်း (၁/၂၀၂၅)တို့တွင် တက်ရောက်သင်ကြားခဲ့ရသည့် ရေကြောင်း၊ လေကြောင်းဆိုင်ရာ အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် ဗဟုသုတများနှင့် အကျိုးကျေးဇူးများကို ဦးစွာရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ မိမိတို့ ရေကြောင်း၊ လေကြောင်းလူငယ်မောင်မယ်များအနေဖြင့် နွေရာသီအားလပ်ရက်ကာလများတွင် အနာဂတ်နိုင်ငံတော်အကျိုးဖြစ်ထွန်းစေမည့် ပညာရပ်များကို စာတွေ့၊ လက်တွေ့သင်ကြားခွင့်ရရှိခဲ့ပြီး ဒေသအသီးသီးမှ လူငယ်မောင်မယ်များနှင့် တစ်စုတစ်စည်းတည်းတွေ့ဆုံခွင့်ရရှိသည့်အတွက် နိုင်ငံတော်အကြီးအကဲနှင့်တကွ တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုသင်တန်းများမှရရှိခဲ့သည့် အသိပညာဗဟုသုတများသည် မိမိတို့လူငယ်မောင်မယ်များ ဆက်လက်လျှောက်လှမ်းကြရမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာမှ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ အထောက်အကူပြုသွားမည်ဖြစ်သည်ဟုလည်း ယုံကြည်ပါကြောင်း၊ မိမိတို့လူငယ်မောင်မယ်များအနေဖြင့် နိုင်ငံတော်အကျိုးစီးပွားအတွက် ထိရောက်စွာစွမ်းဆောင်ပေးနိုင်သော တက်ကြွသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် အစဉ်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျေးဇူးတင်စကားများပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြောင်းနှင့်လေကြောင်း လူငယ်မောင်မယ်များကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။


ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခြေခံနှင့်တန်းမြင့် ရေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် အခြေခံနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်း(၁/၂၀၂၅)မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များသည် ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားသို့ မတက်ရောက်မီ ဇေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့တပ်မတော်မှထုတ်လုပ်သည့် လက်နက်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)တွင် ဝတ်ဆင်အသုံးပြုနေသည့် ဝတ်စုံအမျိုးမျိုး၊ မြန်မာ့တပ်မတော်မှထုတ်လုပ်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများ၊ တပ်မတော်(ရေ)မှထုတ်လုပ်သည့် ရေယာဉ်များ၏ပုံစံငယ်များ၊ ရေတပ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုနေသည့် လေယာဉ်နှင့် ရဟတ်ယာဉ်များ၏ ပုံစံငယ်များ၊ လေသူရဲများ၏ ဝတ်စုံများနှင့် အသုံးအဆောင်ပစ္စည်းများ၊ Simulator ဖြင့် လေယာဉ်ပျံသန်းမှုသရုပ်ပြကွက်များကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက သိရှိလိုသည်များကို ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

- **နိုင်ငံသားတိုင်းသည် မိမိတို့နိုင်ငံ၏ သမိုင်းဖြစ်ရပ်မှန်များကို သိရှိပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ဦးဆောင်လူငယ်များအဖြစ် ပါဝင်ကြရန်လို**
- **ဒီမြေမှာမွေး၊ ဒီမြေမှာကြီးပြင်းကြသူများသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိကြရမည့်တာဝန်ဝတ္တရားရှိ**

# တိုက်ကြီးမွေးမြူရေးဇုန်ကို ဒေသတွင်းသာမက Export ဆောင်ရွက်နိုင်သည်အထိ မျှော်မှန်း၍ အပိုင်းလိုက်၊ နှစ်အလိုက် စီမံချက်များချမှတ်ကာ စနစ်တကျအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ အမှတ် (၃) စိုက်ပျိုး/မွေးမြူရေးစခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။

❒ ကျောဖုံးမှ

တည်ဆောက်ဆဲ တိုက်ကြီးမွေးမြူရေးဇုန်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ အဆိုပါ ဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်ရလုပ်ငန်းရှင်များ၊ တိုက်ကြီးမြို့နယ်အတွင်းမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသဆိုင်ရာ အချက်အလက်များ၊ တိုက်ကြီး မွေးမြူရေးဇုန် ဦးဆောင်ကော်မတီဖွဲ့စည်းထားရှိမှု၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မည့် ကုမ္ပဏီများမှ တိရစ္ဆာန်အမျိုးအစားနှင့် အကောင်ရေ မွေးမြူရန် လျာထား ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ဇုန်အတွင်း မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် လမ်း၊ လျှပ်စစ်မီး၊ ရေရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး လမ်းညွှန်အမှာစကား ပြောကြားရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက်(၂)ရပ်နှင့် အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ကို ချမှတ်ထားကြောင်း၊ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် တိုက်ကြီး မွေးမြူရေးဇုန်အနေဖြင့် ဒေသအတွင်း စားရေရိက္ခာဖူလုံရေးကိုတစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန်အတွက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေ ၇ ဒသမ ၃ သန်းကျော် နေထိုင်လုပ်ကိုင်စားသောက်ကြရာ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် စားသောက်ကုန် ပစ္စည်းများ လုံလောက်ခြင်း မရှိသည့်အတွက် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် စားသောက်ကုန်များကို မှီခိုအားထားနေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူများကို စားရေရိက္ခာဖူလုံစေရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဇုန်အလိုက် စနစ်တကျ တိုးချဲ့ဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်းများ မိမိဒေသအတွင်းရှိ ပြည်သူများအတွက် စားကုန်၊ သောက်ကုန်နှင့် လူသုံးကုန်များ ဖူလုံမှုရှိစေရန် ယခု တိုက်ကြီး မွေးမြူရေးဇုန်ကို ဒေသတွင်းသာမက Export ဆောင်ရွက်နိုင်သည်အထိ မျှော်မှန်း၍ အပိုင်းလိုက်၊ နှစ်အလိုက် စီမံချက်များ ချမှတ်၍ စနစ်တကျအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ကြောင်း။

★ **တိရစ္ဆာန်များကို မွေးမြူခြင်းဖြစ်သဖြင့် ဇီဝကာကွယ်မှုလုပ်ငန်း (Biosecurity) သည်လည်း အဓိကအရေးကြီးကြောင်း၊ ဇီဝရောဂါ ကူးစက်မှုများသည် လူများဝင်ထွက်သွားလာမှု စနစ်မကျခြင်းမှတစ်ဆင့် စတင်ကူးစက်ပြီး တိရစ္ဆာန်အချင်းချင်း ကူးစက်မှုဖြစ်သဖြင့် ဂေဟစနစ်ကို သိရှိပြီး ကြိုတင်ကာကွယ်မှုများကို စတင်ထူထောင်စဉ်ကပင် ဆောင်ရွက်သွားကြရန်လို**

**ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်**

မွေးမြူရေးဇုန်အတွင်း လာရောက် ရင်းနှီးမြှုပ်နှံကြမည့် လုပ်ငန်းရှင်များ မွေးမြူရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများကလည်း လိုအပ်သည်များကို ဝိုင်းဝန်းကူညီ အကြံပြုခြင်းများ၊ ပြုပြင်ပေးခြင်းများ ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ထို့ပြင် မွေးမြူရေးနှင့်ပတ်သက်၍ တိရစ္ဆာန်များအတွက် ရောဂါကာကွယ်ရေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ တိရစ္ဆာန်များကို မွေးမြူခြင်းဖြစ်သဖြင့် ဇီဝကာကွယ်မှုလုပ်ငန်း (Biosecurity) သည်လည်း အဓိကအရေးကြီးကြောင်း၊ ဇီဝရောဂါ ကူးစက်မှုများသည် လူများဝင်ထွက်သွားလာမှု စနစ်မကျခြင်းမှတစ်ဆင့် စတင်ကူးစက်ပြီး တိရစ္ဆာန်အချင်းချင်း ကူးစက်မှုဖြစ်သဖြင့် ဂေဟစနစ်ကို သိရှိပြီး ကြိုတင်ကာကွယ်မှုများကို စတင်ထူထောင်စဉ်ကပင် ဆောင်ရွက်သွားကြရန် လိုကြောင်း။

မွေးမြူရေး လုပ်ငန်းတွင် တိရစ္ဆာန်များအတွက် အစာအာဟာရ လုံလောက်စွာရရှိရေးသည် အရေးကြီးကြောင်း၊ မွေးမြူရေးလုပ်ငန်းတွင် လွှတ်ကျောင်းစနစ်၊ လှောင်မွေးစနစ်နှင့် အဆိုပါ နှစ်ခုကိုပေါင်းစပ်၍ Hybrid စနစ်ဖြင့် မွေးမြူခြင်းများရှိကြောင်း၊ ထိုအထဲတွင်လှောင်မွေးစနစ်သည် အကောင်းဆုံးဖြစ်ကြောင်း၊ လှောင်မွေးစနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက နေ့စဉ်ကျွေးရမည့် တိရစ္ဆာန်အစာနှင့် ဖြည့်စွက်စာများ လိုအပ်ကြောင်း၊ အဆိုပါ လိုအပ်သည့် အစာများထဲမှ ဖြည့်စွက်စာများကို မိမိတို့ဇုန်အတွင်း၌ပင် စဉ်ဆက်မပြတ် ကိုယ်တိုင်စိုက်ပျိုး ထုတ်လုပ်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

ဇုန်အတွင်း သတ်မှတ်လျာထားပြည့်မီအောင် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် မွေးမြူရေးဇုန်နှင့် သက်ဆိုင်ခြင်းမရှိသည့် လုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုရန် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ တိုက်ကြီးမွေးမြူရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များကလည်း မိမိတို့တာဝန်ယူ ဆောင်ရွက်သွားကြမည့် လုပ်ငန်းကဏ္ဍအလိုက် ထဲထဲဝင်ဝင် စနစ်တကျနှင့် သိပ္ပံနည်းကျ မွေးမြူရေးသို့ ရှေးရှုလုပ်ဆောင်ကြရန်လိုကြောင်း။

မွေးမြူရေးလုပ်ငန်းများ လုပ်မည်ဆိုပါက ရေနှင့်မီးသည် အဓိကလိုအပ်သည့် အချက်များပင် ဖြစ်ကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့က ရေနှင့်မီးရရှိရေး ဆောင်ရွက် ပေးထားသည်ကို တွေ့ရှိရကြောင်း၊ လျှပ်စစ်ဓာတ်အား လုံလောက်မှုမရှိပါက လုပ်ငန်းရှင်များအနေဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား တစ်ပိုင်တစ်နိုင် ထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ ထို့ပြင် မိမိတို့ခြံနယ်နိမိတ်အလိုက် ယခုမိုးရာသီမှစတင်၍ အကြီးမြန်သည့် သစ်ပင်များကို နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ထားသည့် အပင်သုံးတန်းကို Zigzag စနစ်ပုံစံဖြင့် စတင်စိုက်ပျိုးကြရန် လိုကြောင်း၊ ထိုသို့ စိုက်ပျိုးခြင်းဖြင့် အပင်များသည် တိရစ္ဆာန်များနှင့် အဆောက်အအုံများအတွက် သဘာဝဘေးအန္တရာယ်များကို အထိုက်အလျောက် ကာကွယ်တားဆီး နိုင်မည်ဖြစ်ကြောင်း၊ တိုက်ကြီးမွေးမြူရေးဇုန်ကို စံပြမွေးမြူရေးဇုန်ဖြစ်ရန် သတ်မှတ်ကာလအလိုက် လုပ်ငန်းများ အပိုင်းလိုက် စီမံချက်များ ရေးဆွဲ၍ **စာမျက်နှာ ၆ သို့** ❒

## ရေကြောင်းတို့လူငယ်



❖ မြန်မာ့ပင်လယ် ကာကွယ်မယ်
ရေကြောင်းတို့လူငယ်။
သိဖွယ် တတ်ဖွယ် ပညာများ
လိုက်နာလို့မှတ်သား။

❖ ကျောင်းသူကျောင်းသားများလူငယ်
တိုင်းပြည်ဂုဏ်မြှင့်မယ်။
လူငယ်နှင့်ပင်လယ် ထိတွေ့ခွင့်
သမီးတို့ သဲတစ်ပွင့်။

❖ သဲပွင့်များစွာ စုစည်းကာ
နိုင်ငံအတွက်ပါ။
နိုင်ငံတော်မှာ တည်တံ့မြဲ
သမီးတို့ တာဝန်ပဲ။

❖ နိုင်ငံ့အကြီးအကဲ စေတနာ
သမီးတို့ ဂုဏ်ယူတာ။
လက်ဆယ်ဖြာ ဦးထိပ်ထား
ရှိသေမြတ်လေးစား။

❖ ကတိစကား ပြောချင်တာ
သမီးတို့ ရင်ထဲမှာ။
တစ်နေ့ချိန်ခါ တာဝန်ထမ်း
နိုင်ငံအတွက် မျှော်ရည်မှန်း။
သမီးတို့ စိတ်လန်းဆန်း။ ။

**ငုရီကိုကို**

**ရေကြောင်းလူငယ်တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၅)မှ သင်တန်းသူ မငုရီကိုကို ရေးသားသည့်ကဗျာအား ဂုဏ်ပြုဖော်ပြအပ်ပါသည်။**

ပညာရေးဝန်ကြီးဌာန
၂၀၂၅-၂၀၂၆ ပညာသင်နှစ်

"အသိပေးကြေညာချက်"

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

ပညာရေးဝန်ကြီးဌာန
ပညာ
၂၀၂၅-၂၀၂၆ ပညာသင်နှစ်
"ကျောင်းနေအရွယ်ကလေးအားလုံး
စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"
ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၅ ခုနှစ်၊ မေလ (၂၂)ရက်နေ့မှ ဇွန်လ (၁)ရက်နေ့

❒ စာမျက်နှာ ၅ မှ
အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း။

**နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်**

ဇုန်အတွင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရင်းနှီးမတည်ငွေများ လိုအပ်ပါကလည်း တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အရင်းမပျောက် မတည်ငွေ၊ MSME ချေးငွေများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို ချေးယူရရှိနိုင်ကြောင်း၊ သတ်မှတ်ကာလအတွင်း မှန်မှန်ကန်ကန် ပြန်လည်ပေးဆပ်ရန် လိုကြောင်းနှင့် တိုက်ကြီးမွေးမြူရေးဇုန်အား နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည် အထိ တိုးတက် အောင်မြင်စေရေး အားလုံးက မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့် ဝိုင်းဝန်းကြိုးပမ်း သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုက်ကြီး မွေးမြူရေးဇုန်အတွင်း သက်ဆိုင်ရာကုမ္ပဏီများအလိုက် မွေးမြူရေး လုပ်ငန်းများအတွက် ဝက်ခြံများ နှင့် ကြက်ခြံများအပါအဝင် အခြား အဆောက်အအုံများ အကောင် အထည်ဖော် တည်ဆောက်နေသည့် လုပ်ငန်းခွင်များကို လိုက်လံ ကြည့်ရှုစစ်ဆေးကြသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ် (၄) စိုက်ပျိုး/မွေးမြူရေးစခန်းတွင် တိုင်းမှူးက တိုင်းစစ်ဌာနချုပ်ရှိ ဘက်စုံ စိုက်ပျိုး/ မွေးမြူရေးစခန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရ အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထုစားရေရိက္ခာ ဖူလုံရေးနှင့် ဖြည့်ဆည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ စိုက်ပျိုးမွေးမြူရေးဇုန်များအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တိုက်ကြီးမွေးမြူရေးဇုန်ကို မြေဧက ၂၁၀၁ ဒသမ ၀၄ ဧကပေါ်တွင် မွေးမြူရေး လုပ်ငန်းများ အပိုင်းအလိုက် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၃ ရက်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြေပြင် အသေးစိတ်တိုင်းတာခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ လုပ်ကွက်များ သတ်မှတ်ပေးခြင်း၊ ရေအရင်းအမြစ် ရရှိရေးလုပ်ငန်းနှင့် လျှပ်စစ်မီး ရရှိရေးလုပ်ငန်းများ ဆောင်ရွက် ပြီးစီးခဲ့ပြီး လက်ရှိအခြေအနေတွင် မွေးမြူရေးလုပ်ငန်းများ စတင် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဇုန်အတွင်း လုပ်ငန်းရှင်များက အသားစားကျွဲ၊ ဆိတ်၊ သိုး၊ ဝက်၊ အသားစားကြက်၊ ဥစားကြက်၊ နို့စားနွား၊ အသားစားနွား၊ ဘဲ၊ မျိုးဘဲမ၊ ငုံး၊ ငန်း၊ ငါးနှင့် ဇီဝဇိုးငှက် မွေးမြူရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင် ရွက်နိုင်ရေး လိုအပ်သည့်ကိစ္စရပ် များအား နေ့ညမပြတ် ထူထောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျန်းမာရေးနှင့် ညီညွတ်သည့် ထုတ်ကုန်များရရှိအောင် ဆောင်ရွက်**

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း စစ်ဌာနချုပ် အမှတ် (၄) စိုက်ပျိုး/ မွေးမြူရေးစခန်းသို့ ရောက်ရှိကြ ရာ ရှင်းလင်းဆောင်၌ တိုင်းမှူး က တိုင်းစစ်ဌာနချုပ်ရှိ ဘက်စုံ စိုက်ပျိုး/ မွေးမြူရေးစခန်းများ ဆိုင်ရာ အချက်အလက်များ၊ အကြီးအကဲ၏ လမ်းညွှန်ချက်များ အပေါ် လိုက်နာအကောင်အထည် ဖော် ဆောင်ရွက်ပြီးစီးသည့် အခြေ အနေများ၊ ရန်ကုန်တိုင်းစစ်ဌာန ချုပ် စိုက်ပျိုးမွေးမြူရေးစခန်းများ နှင့် ခြံများတွင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ထွက်ရှိလာသည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ကြက်ဥနှင့် နွားနို့များကို အရာရှိ၊ စစ်သည် မိသားစုများနှင့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ဒေသခံပြည် သူများကို သက်သာသောဈေးနှုန်း များဖြင့် ရောင်းချပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်း တင်ပြရာ ဒုတိယဝန်ကြီးချုပ်က ဘက်စုံစိုက်ပျိုး/မွေးမြူရေးစခန်း များမှ ထွက်ရှိသည့် စားသောက် ကုန်ပစ္စည်းများသည် လတ်ဆတ် ပြီး အာဟာရပြည့်ဝမှုရှိရန်လို ကြောင်း၊ ဘက်စုံစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း သည် တပ်မတော်သားများအပြင် နိုင်ငံ့ဝန်ထမ်းများအား ပြင်ပ ပေါက်ဈေးထက် သက်သာစွာ ရောင်းချပေးနိုင်ရန် ရည်ရွယ် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ အမြတ်ကို အဓိကမထားဘဲ သက် သာချောင်ချိရေးကို ဦးစားပေး ဆောင်ရွက်ကြရန် လိုကြောင်း၊ မွေးမြူထားသည့် တိရစ္ဆာန်များ ကိုလည်း တိရစ္ဆာန်အစာများ စနစ် တကျ ကျွေးမွေးရန်နှင့် ကူးစက် ရောဂါဖြစ်ပွားမှု မရှိစေရေး ကြိုတင်ကာကွယ် ဆောင်ရွက် သွားကြရန်လိုကြောင်း၊ မွေးမြူ ရေးဆောင်ရွက်ရာတွင် ကုသရေး ပိုင်းနှင့် မွေးမြူရေးပညာရှင်များ နှင့် တိုင်ပင်ဆွေးနွေး၍ ကျန်းမာ ရေးနှင့် ညီညွတ်သည့် ထုတ်ကုန် များရရှိအောင် ဆောင်ရွက်ကြရန် နှင့် တိုင်းစစ်ဌာနချုပ်အတွင်းရှိ တပ်မတော်သားများ၊ မိသားစုများ အားလုံး စားရေရိက္ခာ လုံလောက် မှု ဖူလုံသည်အထိ၊ ၎င်းမှတစ်ဆင့် ပိုလျှံသည်အထိ ပိုမိုတိုးမြှင့် ထုတ်လုပ်နိုင်ရေး ကာလအလိုက်၊ အပိုင်းအလိုက် စီမံချက်များ စနစ် တကျရေးဆွဲ ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည် များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာန ချုပ် အမှတ် (၄) စိုက်ပျိုး/မွေးမြူ ရေးစခန်းရှိ နို့စားနွားများ မွေးမြူ ထားရှိမှုများနှင့် အမှတ်(၃) စိုက်ပျိုး/မွေးမြူရေး စခန်းရှိ Novogen Brown ဥစားကြက်၊ Evaporated Cooling System ဖြင့် အဆင့်မြင့် အသားတိုးဝက် နှင့် ကာကီကင်းဘဲ မွေးမြူထားရှိ မှု အခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူ များအား လိုအပ်သည်များ မှာကြား ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ **တိုက်ကြီးမွေးမြူရေးဇုန်ကို မြေဧက ၂၁၀၁ ဒသမ ၀၄ ဧကပေါ်တွင် မွေးမြူရေးလုပ်ငန်းများ အပိုင်းအလိုက် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၃ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**

❖ **မြေပြင်အသေးစိတ်တိုင်းတာခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ လုပ်ကွက်များ သတ်မှတ်ပေးခြင်း၊ ရေအရင်းအမြစ်ရရှိရေးလုပ်ငန်းနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီး လက်ရှိ အခြေအနေတွင် မွေးမြူရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိ**

❖ **ဇုန်အတွင်း လုပ်ငန်းရှင်များက အသားစားကျွဲ၊ ဆိတ်၊ သိုး၊ ဝက်၊ အသားစားကြက်၊ ဥစားကြက်၊ နို့စားနွား၊ အသားစားနွား၊ ဘဲ၊ မျိုးဘဲမ၊ ငုံး၊ ငန်း၊ ငါးနှင့် ဇီဝဇိုးငှက် မွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လိုအပ်သည့်ကိစ္စရပ်များအား နေ့ညမပြတ် ထူထောင် ဆောင်ရွက်လျက်ရှိ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား ပထမအကြိမ် စာရေးကိရိယာများ ပေးအပ်ပွဲသို့ တက်ရောက်






နေပြည်တော် မေ ၂၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ယနေ့ မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား ပထမအကြိမ် စာရေးကိရိယာများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသား ကျောင်းသူများ၏ ဝန်ထမ်းမိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံရေး ရက်သတ္တပတ် မေ ၂၂ ရက်တွင် စတင်ကျောင်းအပ်နှံရမည်ဖြစ်ကြောင်း၊ ကျောင်းစတင် အပ်နှံသည်နှင့် နိုင်ငံတော်အစိုးရက ကျောင်းသား ကျောင်းသူတစ်ဦးလျှင် သက်ဆိုင်ရာ အတန်းအလိုက် ဖတ်စာအုပ်(Text Book) အပြည့်အစုံ၊ လေ့ကျင့်ခန်း စာအုပ်၊ ဗလာစာအုပ်၊ ကျောင်းဝတ်စုံ၊ ခဲတံ၊ ဘောပင်များကို အခမဲ့ ထောက်ပံ့ ပေးအပ်သွားမည် ဖြစ်ကြောင်း၊ ကျောင်းအပ်နှံကြေး၊ အခြား အသုံးစရိတ် မည်သည့်စရိတ်မှ ပေးသွင်းရန် မလိုကြောင်း၊ ကျောင်းသားမိဘများ စိတ်ချမ်းသာစွာဖြင့် ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးထားပါကြောင်း၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် ကျောင်းတက်ရာတွင် စာကြိုးစားကြရန်နှင့် ပညာကို တတ်မြောက်အောင် သင်ကြားကြရန် လိုအပ်ကြောင်း၊ ကျန်းမာရေး အမြဲကောင်းမွန်နေရန် လိုအပ်ပြီး ကျန်းမာမှ ကောင်းစွာ ပညာသင်ကြားနိုင်မည် ဖြစ်ကြောင်း၊ ကျောင်းစာအပြင် အားကစား၊ အနုပညာ၊ အထွေထွေဗဟုသုတ စသည့်တို့ကိုလည်း တတ်မြောက်အောင် သင်ကြားလေ့ကျင့်သွားစေလိုကြောင်း၊ ဗလငါးတန်နှင့် ပြည့်စုံသည့် လူတော်လူကောင်းများ ဖြစ်လာရန် မိဘများ၊ တာဝန်ရှိသူများက အမြဲတမ်းစောင့်ကြည့် ကြပ်မတ်ပံ့ပိုးပေးသွားရန် လိုအပ်ကြောင်း၊ မိမိ မိသားစုအတွက် လည်းကောင်း၊ နိုင်ငံအတွက် လည်းကောင်း အားကိုးအားထားပြုရမည့် ပညာတတ်များဖြစ်အောင် ရည်မှန်းချက်ထားကြိုးစားသွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများ၏ မိသားစုဝင် ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် အာဆီယံ-တရုတ်၊ အာဆီယံ-ဩစတြေးလျ-နယူးဇီလန်၊ အာဆီယံ-ဂျပန် စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေး တက်ရောက်






နေပြည်တော် မေ ၂၁

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့်အဖွဲ့သည် ယမန်နေ့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် အာဆီယံ-တရုတ် စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေး၊ အာဆီယံ-ဩစတြေးလျ - နယူးဇီလန် စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးနှင့် အာဆီယံ-ဂျပန် စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးတို့ကို တက်ရောက်သည်။

**တက်ရောက်**

အစည်းအဝေးတွင် မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာန၊ တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဩစတြေးလျနိုင်ငံ ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန၊ နယူးဇီလန်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာနတို့မှ ဝန်ကြီးများက ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံစီးပွားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးများတွင် လက်ရှိကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစိန်ခေါ်မှုများနှင့် အခြေအနေများ၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပေါင်းစည်းမှုတို့အပေါ် အကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နိုင်ငံစုံ ကုန်သွယ်ရေးစနစ်ကို ထောက်ခံရေး၊ ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေး တင်းမာမှုများကို ကမ္ဘာ့နိုင်ငံများအကြား ဖြေရှင်းရေးတို့အပါအဝင် အာဆီယံ-တရုတ် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု၊ အာဆီယံ - ဩစတြေးလျ - နယူးဇီလန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် အာဆီယံ-ဂျပန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုအားကောင်းစေနိုင်သည့် အစီအစဉ်များအပေါ် ဆွေးနွေးကြသည်။

အစည်းအဝေး၌ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ ပွင့်လင်းမြင်သာပြီး လွတ်လပ်၍ အားလုံးပါဝင်သည့် စည်းမျဉ်းအခြေခံ နိုင်ငံစုံ ကုန်သွယ်ရေးစနစ်ကို ထပ်မံအတည်ပြုကြသည်။ ထို့ပြင် နိုင်ငံများအကြား ဖြစ်ပေါ်လာသည့် ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုများကို နှစ်ဖက်ဘက်ညီမျှတမှု၊ အပြန်အလှန် နားလည်မှုနှင့် အကျိုးစီးပွား ဖြစ်ထွန်းနိုင်မှုများကို အခြေခံ၍ ညှိနှိုင်းဖြေရှင်းရန် ထပ်မံအတည်ပြုသည်။

အစည်းအဝေးများတွင် ဒုတိယဝန်ကြီးက လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့ကုန်သွယ်ရေး အခြေအနေများကြောင့် ဒေသတွင်းထောက်ပံ့မှုကွင်းဆက်တွင် စိန်ခေါ်မှုများ ရှိနေကြောင်း၊ အဆိုပါ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်အတွက် ဒေသတွင်း နိုင်ငံများအနေဖြင့် စည်းမျဉ်းအခြေခံသော ကုန်သွယ်ရေးစနစ်ကို ပိုမိုအားကောင်းအောင် ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်းဖြင့် ထောက်ပံ့ရေး ကွင်းဆက်ချိတ်ဆက်မှု၊ ဆန်းသစ်တီထွင်မှုတို့ကို မြှင့်တင်နိုင်ပြီး စီးပွားရေးတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး အားလုံးအကျုံးဝင်စေမည်ဖြစ်ကြောင်း၊ ယနေ့ခေတ် ကုန်သွယ်မှု စိန်ခေါ်မှုများကို ဖြေရှင်း၍ အခွင့်အလမ်းများကို ဆုပ်ကိုင်ကာ မျှတသည့် ကမ္ဘာ့ကုန်သွယ်မှုကို မြှင့်တင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် စည်းမျဉ်းအခြေခံသည့် နိုင်ငံစုံကုန်သွယ်မှုစနစ်ကိုထောက်ခံကြောင်း၊ အခြားသော အာဆီယံနိုင်ငံများနှင့်အတူ မြန်မာနိုင်ငံက အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် ထပ်လောင်းအတည်ပြုပါကြောင်း၊ အနာဂတ်တွင် ဒေသတွင်း စီးပွားရေး ကြံ့ကြံ့ခံနိုင်စေရေးအတွက် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်၊ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် (၃.၀)၊ အာဆီယံ-ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်နှင့် အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု စသည့် သဘောတူစာချုပ်များအောက်မှ အတူတကွ ပူးပေါင်းဆောင်ရွက်သွားနိုင်ကြောင်းတို့ကို အလေးပေးပြောကြားသည်။

ထို့နောက် အစည်းအဝေးများတွင် အာဆီယံ - တရုတ်စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေး၊ အာဆီယံ - ဩစတြေးလျ - နယူးဇီလန်စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးနှင့် အာဆီယံ-ဂျပန် စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးတို့၏ ပူးတွဲကြေညာချက်တို့ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

◆ MNL မှ

ငွေကြယ်ပွင့်အသင်းသည် ဦးဆောင်ဂိုးနှစ်ဂိုးအထိ သွင်းယူပြီးမှ ဂိုးများဆက်တိုက်ပေးခဲ့ရခြင်းဖြစ်သည်။

တက္ကသိုလ်ကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ရှိုင်ရယ်အသင်းနှင့် ကချင်ယူနိုက်တက်အသင်း ဂိုးမရှိသရေကျခဲ့သည်။ ရန်ကုန်ရှိုင်ရယ်အသင်းသည် ယခုပွဲအနိုင်ရပါက နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိမည်ဖြစ်သော်လည်း အုပ်စုလေးပွဲစလုံး သရေကျခဲ့သဖြင့် ကွာတားဖိုင်နယ်တက်ရောက်ခွင့် အဆုံးသတ်ခဲ့ရသည်။ YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် တက္ကသိုလ်အသင်းက YB United အသင်းကို ၁၂ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ တက္ကသိုလ်အသင်းသည် အုပ်စုနောက်ဆုံးပွဲတွင် ဂိုးတစ်ဒါဇင်သွင်းယူပြီး အမှတ်ပြည့်ရယူခဲ့သည်။ တက္ကသိုလ်အသင်းအတွက် ဂိုးများကို ၁၆ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် အောင်မြင့်မြတ်၊ ၁၉၊ ၄၂၊ ၆၇၊ ၆၉ မိနစ်တွင် ဇင်မျိုးအောင်၊ ၂၂၊ ၈၇ မိနစ်တွင် သန်းမြတ်စိုး၊ မိနစ် ၃၀ တွင် ခွန်သန်းဦး၊ ၄၈၊ ၇၆၊ ၈၀၊ ၈၁ မိနစ်တွင် အောင်ဝင်းခန့်တို့က သွင်းယူပြီး YB United အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၅၅ မိနစ်တွင် မင်းလတ်စိုးက သွင်းယူသည်။ ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် Chinland အသင်းက Glory Goal အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Chinland အသင်းသည် ပယ်နယ်တီဂိုးများဖြင့် အုပ်စုနောက်ဆုံးပွဲတွင် နိုင်ပွဲရယူနိုင်ခဲ့သည်။ Chinland အသင်းအတွက် ဂိုးများကို ၆၁၊ ၈၇ မိနစ်တွင် လှဘုန်းဦးက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ပြီး Glory Goal အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၇၁ မိနစ်တွင် ထွန်းဝင်းမိုးက သွင်းယူခဲ့သည်။

အုပ်စုနောက်ဆုံးပွဲစဉ် လက်ကျန်ပွဲများကို ဇွန် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ယင်းပွဲများပြီးဆုံးမှသာ ကွာတားဖိုင်နယ်တက်ရောက်မည့် လက်ကျန်လေးသင်း ထွက်ပေါ်မည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

■

# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

**နေပြည်တော် မေ ၂၁**

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် မေ ၅ ရက်မှ ၁၂ ရက်အထိ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ဆောင်ရွက်မှုများကို အပတ်စဉ် သတင်းထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအခါ မေ ၁၃ ရက်မှ ၁၉ ရက်အထိ ရက်သတ္တတစ်ပတ်အတွင်း အိန္ဒိယနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် Singapore Lotus Charity Society တို့မှ ထပ်မံပေးပို့လှူဒါန်းလာသော စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ အိမ်သုံးပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်းများအနက် ဆေးနှင့်ဆေးပစ္စည်းများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန)သို့ လည်းကောင်း၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ အိမ်သုံးပစ္စည်းများကို နေပြည်တော်အတွင်းရှိ လိုအပ်သည့် ဝန်ကြီးဌာနများသို့လည်းကောင်း လွှဲပြောင်းထောက်ပံ့ပေးခဲ့သည်။ **စာမျက်နှာ ၉ သို့ ✳**



နေပြည်တော်ကောင်စီ နယ်မြေအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းဓာတ်ပုံ။



အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့်ပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။



မလေးရှားနိုင်ငံမှ လှူဒါန်းသည့်ပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။



ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လှူဒါန်းသည့်ပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။



Singapore Lotus Charity Society မှ လှူဒါန်းသည့်ပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။




တရုတ်နိုင်ငံမှ လှူဒါန်းသည့် Prefabricated House များ ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။



တရုတ်နိုင်ငံမှ လှူဒါန်းသည့် Prefabricated House များ နေပြည်တော်သို့ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။

✻ စာမျက်နှာ ၈ မှ

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ငလျင်ဘေးသင့်ဒေသများတွင် ယာယီရုံးများအဖြစ် အသုံးပြုရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းမည့် Prefabricated Office အလုံး ၅၀၀ အနက် အလုံး ၃၄၀ ရောက်ရှိခဲ့ပြီး ယာယီရုံးများအဖြစ် တပ်ဆင်ဆောင်ရွက်လျက်ရှိသည်။ အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ယာယီအိမ်များအဖြစ်အသုံးပြုရန် လှူဒါန်းမည့် Prefabricated House အလုံး ၄၅၀၀ အနက် ၁၅၇၆ လုံးသည် မေ ၉ ရက်တွင် လည်းကောင်း၊ ၁၈၀၄ လုံးသည် မေ ၁၃ ရက်တွင်လည်းကောင်း ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်သို့ပေးပို့ခဲ့ပြီး လိုအပ်သည့်နေရာများတွင် တပ်ဆင်အသုံးပြုရန် ဆောင်ရွက်လျက်ရှိသည်။ ထပ်မံရောက်ရှိလာပါကလည်း ဆက်လက်ဖြန့်ခွဲဆောင်ရွက်သွားမည်ဖြစ်သည်။

ငလျင်လှုပ်ခတ်ခဲ့သည့် မတ် ၂၈ ရက်မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှုစုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၅၇ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၂၉ စီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ မော်တော်ယာဉ်ကိုးစီးဖြစ်သည်။

နိုင်ငံတကာအလှူရှင်များက မေ ၁၃ ရက်မှ ၁၉ ရက်အထိ ရက်သတ္တတစ်ပတ်အတွင်း ပေးပို့လှူဒါန်းသည့် ပစ္စည်းများကို ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့နိုင်ရေး ဆောင်ရွက်ထားမှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။ ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများရောက်ရှိမှုနှင့် ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိဖြန့်ခွဲမှုတို့ကို တစ်ပတ်လျှင် တစ်ကြိမ် ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

**အိန္ဒိယနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု**
(၁၃-၅-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | ၆ | - | - | - | - | ၆ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

**မလေးရှားနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ**
(၁၃-၅-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၄၂ | - | - | - | - | ၄၂ | - | |
| ၂ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ဖာ | ၃၃ | - | - | - | - | ၃၃ | - | |
| ၃ | အိမ်သုံးပစ္စည်းများ | ဖာ | ၂ | - | - | - | - | ၂ | - | |
| ၄ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | ၆ | - | - | - | - | ၆ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

**ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ**
(၁၃-၅-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | လူသုံးကုန်ပစ္စည်း | မျိုး | ၈ | - | - | - | - | ၈ | - | |

**Singapore Lotus Charity Society မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု**
(၁၃-၅-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၄၄ | - | - | - | - | ၄၄ | - | |

**ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ ပေးပို့ထောက်ပံ့သည့် လှူဒါန်းပစ္စည်းမျိုးစုံ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ်**
(၃၀-၃-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | ၁၄၅၇၁ | ၂၇၉၈ | ၈၀၁ | ၁၇၃၉ | ၁၀၀ | ၄၅၂၈ | ၄၆၀၅ | |
| ၂ | တာပေါ်လင်/မိုးကာစမျိုးစုံ | လိပ် | ၇၇၅ | ၁၀ | ၄၁၅ | - | - | - | ၃၅၀ | |
| | | အိတ် | ၄ | - | ၄ | - | - | - | - | |
| | | ထုပ် | ၂၇၆၁ | ၄ | ၂၅ | ၁၄၉၇ | - | ၃၆၄ | ၈၇၁ | |
| | | ဖာ | ၁၈၉ | ၁၈၉ | - | - | - | - | - | |
| | | ချပ် | ၂၃၉၀ | - | ၁၅၆ | ၁၂ | | ၆၄၈ | ၁၅၇၄ | |
| ၃ | Hygiene Kit | ခု | ၃၀၁၇ | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | ၄၃၈၆ | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | ၃၆၂၄ | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | ၆၁၈ | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | ၁၅၆ | ၃၄ | ၉၇ | ၂၃ | ၂ | - | - | |
| ၆ | ရေသန့်စက် | လုံး | ၁၀၀၃ | - | ၁၀၀၃ | - | - | - | - | |
| | | ဖာ | ၁၈ | ၈ | ၈ | ၁ | ၁ | - | - | |
| ၇ | Sleeping Bags | ထုပ် | ၄၀၀ | ၁၄၈ | ၂၂၄ | ၁၂ | ၁၆ | - | - | |
| | | ခု | ၁၄၄ | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | ၁၆၄ | ၈၂ | ၇၀ | ၅ | ၇ | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | မျိုး | ၇၈ | ၁၉ | ၃၉ | ၁၈ | ၂ | - | - | |
| | | ဖာ | ၁၆၇၉၉ | ၈၇၂၀ | ၆၄၃၂ | ၁၂၅၃ | ၃၀၈ | ၈၆ | - | |
| | | အိတ် | ၂၅၀ | ၉၂ | ၁၄၀ | ၈ | ၁၀ | - | - | |
| | | ကတ် | ၁၀၀ | ၁၀၀ | - | - | - | - | - | |
| ၉ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | ၇၃ | ၁၉ | ၃၁ | ၇ | ၇ | ၉ | - | |
| | | ဖာ | ၃၅၉၂ | ၆၄၁ | ၁၉၃၇ | ၉၁၈ | ၆၃ | ၃၃ | - | |
| | | ထုပ် | ၁၄၇၅ | ၅၄၈ | ၈၂၁ | ၆၀ | ၄၆ | - | - | |
| | | ခု | ၂၂၀ | ၈၁ | ၁၂၃ | ၉ | ၇ | - | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | ၃၆ | ၃ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | ၁၁ | ၃ | ၄ | ၂ | - | ၂ | - | |
| | | စုံ | ၂၀၀၀ | ၂၀၀၀ | - | - | - | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်းမျိုးစုံ | မျိုး | ၇ | ၂ | ၃ | ၁ | ၁ | - | - | |
| | | ဖာ | ၃၁၀ | ၁၂၂ | ၁၆၈ | ၁၂ | ၈ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်း မျိုးစုံ | မျိုး | ၆၅၆ | ၁ | ၈ | - | ၂ | ၆၄၅ | - | |
| | | အိတ် | ၁၅၀၂၀ | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | ၁၆၇၇ | ၂၆ | - | - | - | ၁၆၅၁ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | ၁၁၆ | - | - | - | - | ၁၁၆ | - | |



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းဓာတ်ပုံ။



တရုတ်နိုင်ငံမှ လှူဒါန်းသည့် Prefabricated House များ နေပြည်တော်သို့ ရောက်ရှိလာမှုကို ကြည့်ရှုစစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



ရှမ်းပြည်နယ်အတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းဓာတ်ပုံ။



မန္တလေးတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းဓာတ်ပုံ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ ယာယီဘာရှာအဆောက်အအုံများသို့ ပြောင်းရွှေ့နေရာချထားမှုအခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးမြေဧရိယာအတွင်း ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို ဝန်ကြီးဌာန အင်ဂျင်နီယာအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တည်ဆောက်ပြီးစီးခဲ့သည့်ယာယီဘာရှာအဆောက်အအုံများသို့ပြောင်းရွှေ့နေရာချထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ဖွင့်လှစ်ပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယာယီဘာရှာအဆောက်အအုံများတွင်နေထိုင်သည့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ သောက်ရေသန့်ရရှိရေးအတွက် ရေသန့်စက်နှင့် ကျောက်စိမ်းအိမ်ရာ ယာယီဘာရှာအဆောက်အအုံအသစ်တို့ကို အမွှေးနံ့သာများ ပက်ဖျန်းဖွင့်လှစ်ပေးသည်။



ထို့နောက် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ပြောင်းရွှေ့နေထိုင်မှုကို ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက ယာယီအဆောက်အအုံများတွင်နေထိုင်ကြသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအနေဖြင့် ရေ၊ မီး၊ မိလ္လာများကို စည်းကမ်းရှိရှိ သုံးစွဲကြရန်၊ စွန့်ပစ်ပစ္စည်းများ သတ်မှတ်နေရာများ၌ စနစ်တကျစွန့်ပစ်ကြရန်၊ မိုးရာသီကျရောက်လာပြီဖြစ်သည့်အတွက် ကူးစက်ရောဂါများ မဖြစ်ပွားစေရေး နေထိုင်စားသောက်မှုများကို ကျန်းမာရေး အသိ၊ သတိဖြင့် အထူးအလေးထား ပြုမူနေထိုင်ကြရန်၊ ယာယီအဆောက်အအုံအတွင်း ထုတ်ပြန်ထားရှိသည့် စည်းကမ်းချက်များနှင့်အညီ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ရိုင်းပင်းကူညီ နေထိုင်သွားကြရန်၊ ယာယီအဆောက်အအုံ ဧရိယာအတွင်း ရေမဝပ်စေရေးအတွက် ဆောင်ရွက်ထားရှိသည့် ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရေးနှင့် သန့်ရှင်းသပ်ရပ်သာယာလှပရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များ မေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယာယီအဆောက်အအုံများအတွင်း ဝန်ထမ်းမိသားစုများ၏ ပြောင်းရွှေ့နေထိုင်စားသောက်နေမှု၊ လျှပ်စစ်မီးတပ်ဆင်ထားရှိမှု၊ ရေချိုးခန်း၊ အိမ်သာများ စနစ်တကျဆောင်ရွက်ထားရှိမှု၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် အမှိုက်ကန်များ ဆောင်ရွက်ထားရှိမှုနှင့် ယာယီအဆောက်အအုံများ အပြီးသတ်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ငလျင်ဒဏ်သင့်ခဲ့သည့် ဝန်ထမ်းများ ယာယီဘာရှာလိုင်းခန်းများတွင် ပြောင်းရွှေ့နေထိုင်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၂၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့်အတူ ယနေ့ညနေပိုင်းက ငလျင်ဒဏ်သင့်ခဲ့သည့် ဝန်ထမ်းများအတွက် တည်ဆောက်ပြီးစီးခဲ့သည့် ယာယီဘာရှာ လိုင်းခန်းများ၌ ပြောင်းရွှေ့နေထိုင်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုပိုင် ဘက်စုံသုံးခြံသို့ရောက်ရှိ၍ ဘက်စုံခြံအတွင်း သမဝါယမအသင်းစုပိုင်မြေပေါ်တွင် တိရစ္ဆာန်အစာတောင့်စက်ရုံတည်ဆောက်မည့်မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

**ဆွေးနွေးမှာကြား**

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပျဉ်းမနားမြို့ မြောက်လွတ်ကုန်းရှိ စက်ယန္တရား သိုလှောင်ရုံဝင်းအတွင်း၊ ဇဗ္ဗူသီရိမြို့နယ်ရှိ ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းရုံးမြေနေရာ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ကားပါကင်အတွင်း၊ ဝန်ကြီးဌာနပိုင်မြေနေရာတို့၌ ပြည်ထောင်စုဝန်ကြီးရုံး၊ သမဝါယမဦးစီးဌာနနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ ငလျင်ဒဏ်သင့် အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ နေထိုင်နိုင်ရေး တည်ဆောက်ပြီးစီးခဲ့သည့် ယာယီ ဘာရှာလိုင်းခန်းများ၌ ပြောင်းရွှေ့နေထိုင်နေမှု အခြေအနေများနှင့် ရေ၊ မီး၊ မိလ္လာစနစ်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ Prefabricated Modular House များ နေရာချထားမှုနှင့် တပ်ဆင်နေမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအတွက် Prefabricated Office များ ပြင်ဆင်တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဦးဇင်မင်းထက်တို့နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအတွက် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း၌ Prefabricated Office များ ပြင်ဆင်တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိမြားပစ်လေ့ကျင့်ရေးကွင်း၌ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း (Gold Camp) နှင့် လူငယ် အားကစား လေ့ကျင့်ရေးစခန်း (Youth Camp)တို့တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မြားပစ်အားကစားသမားများ၏ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို လက်ရည်ဆန်းစစ် မြားပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို တက်ရောက်ကြည့်ရှု အားပေးသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ (အမျိုးသား/အမျိုးသမီး) Recurve နှင့် Compound တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့ကြသည့် သီဟထက်ဇော်နှင့် အောင်ကိုဦးတို့ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လည်းကောင်း၊ Recurve တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲတွင် ဒုတိယဆုနှင့် တတိယဆုရရှိခဲ့ကြသည့် နိုင်လင်းထက်နှင့် ကောင်းခန့်မော်တို့ကို ဒုတိယဝန်ကြီး ဦးထိန်လင်းက လည်းကောင်း၊ Compound တစ်ဦးချင်းရှုံးထွက် ပြိုင်ပွဲတွင် ဒုတိယဆုနှင့် တတိယဆုရရှိခဲ့ကြသည့် ဇင်သူရိန်မှူးနှင့် စုစုလှိုင်တို့ကို ဒုတိယဝန်ကြီး ဦးဇင်မင်းထက်ကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ လက်ရည်ဆန်းစစ်မြားပစ်ပြိုင်ပွဲကို မေ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ကျင်းပခဲ့ရာ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) နှင့် လူငယ် အားကစားလေ့ကျင့်ရေးစခန်း (Youth Camp) တို့မှ (အမျိုးသား/အမျိုးသမီး) Recurve အားကစားသမား ခုနစ်ဦး၊ Compound အားကစားသမား ငါးဦး စုစုပေါင်း မြားပစ်အားကစားသမား ၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မြစ်ကြီးနားမြို့၌ Grade-12 ကျောင်းသား ကျောင်းသူများ စခန်းသွင်းပညာသင်ကြားမှု ကြည့်ရှုစစ်ဆေး၊ ယာယီနေရပ်စွန့်ခွာသူပြည်သူများအား တွေ့ဆုံအားပေးထောက်ပံ့

မြစ်ကြီးနား မေ ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ယနေ့နံနက်ပိုင်းတွင် ရောက်ရှိပြီး မြစ်ကြီးနားမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပပြုလုပ်နိုင်ရေး Grade-12 ကျောင်းသား ကျောင်းသူများအား ဘာသာရပ်အလိုက် စခန်းသွင်းလေ့ကျင့်သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပပြုလုပ်နိုင်ရေး မြို့ပေါ်အခြေခံပညာအထက်တန်းကျောင်း ရှစ်ကျောင်းမှ Grade-12 ကျောင်းသား ကျောင်းသူ ၄၁၀ တို့အား အခြေခံပညာ ဆရာ ဆရာမများက ဘာသာရပ်အလိုက် ပြန်လည်သင်ကြားပို့ချနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ကျောင်းခန်းမ၌ စခန်းဝင်ကျောင်းသား ကျောင်းသူများအား နေ့လယ်စာ/ ညစာ ကျွေးမွေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြစ်ကြီးနားမြို့ သီတာရပ်ကွက်အတွင်းရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ခြောက်ကျောင်းမှ Grade-12 ကျောင်းသား ကျောင်းသူ ၄၂၁ ဦးတို့အား စခန်းသွင်းလေ့ကျင့်သင်ကြားပေးလျက်ရှိသော အခြေအနေများနှင့် နေ့လယ်စာကျွေးမွေးနိုင်ရေးပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က Grade-12 ကျောင်းသား လူငယ်အားလုံး ပထမအကြိမ် ဖြေဆိုသည့်စာရင်းရှိအတိုင်း ပြန်လည်ဖြေဆိုနိုင်ရေး စီမံဆောင်ရွက်သွားကြရန်လိုကြောင်း တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး မေခခန်းမ၌ ကျင်းပပြုလုပ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေါင်စန်းပြည်နယ်ခွဲ ပြည်သူ့အစိုးရက ပြည်နယ်အစိုးရအဖွဲ့ထံ ငလျင်ဘေးဒဏ်သင့်ဒေသများမှ ပြည်သူများအတွက် ယာယီတဲအိမ်များနှင့် မိုးကာလိပ်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပေါင်စန်းပြည်နယ်ခွဲ ပြည်သူ့အစိုးရထံမှ ပေးပို့လှူဒါန်းလာသော ယာယီတဲအိမ်(အဆောင်သေး) အစုံ ၁၀၀ နှင့် မိုးကာလိပ် ၃၁၂ လိပ်ကို ကိုယ်စားလှယ်အဖွဲ့ထံမှ လက်ခံရယူပြီး ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ စက်မှုရပ်ကွက်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ပထမနှစ် စက်ဝန်း၊ ဒုတိယနှစ် စက်ဝန်းမှ မတည်ရန်ပုံငွေကျပ်သိန်း ၂၀၀၀ ကျော်ဖြင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည့် “ဖြိုးဝေဝေ” စက္ကူနှင့် စာအုပ်ထုတ်လုပ်ရေးလုပ်ငန်းသို့ သွားရောက်ကြပြီး စက်ရုံအတွင်း နှစ်ဖက်ချော ကျောင်းသုံးဗလာစာအုပ်များ၊ အကြမ်းစာအုပ်များ၊ တစ်ရှူးနှင့် ကတ်ထူစက္ကူများအား လည်ပတ်ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့်အဖွဲ့သည် ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ဝိုင်းမော်မြို့နယ် စန်းကားကျေးရွာမှ ယာယီတိမ်းရှောင်လာသော အိမ်ထောင်စုများအား ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မန်ခိန်ရပ်ကွက် ကချင်ပြည်နယ်လွှတ်တော်ရုံး အနောက်ဘက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)ပိုင် မြေနေရာ၌ နေရာချထားပေးမှုအခြေအနေကို သွားရောက်ကြည့်ရှုအားပေးထောက်ပံ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အဆိုပါ စခန်းအတွင်းရှိ အိမ်ထောင်စု ၅၀၊ လူဦးရေ ၂၈၁ ဦးတို့အတွက် အမျိုးသားသဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ဆန် ၂၄ ပြည်ပါ ဆန်အိတ် ၅၀ နှင့် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ဆီပိဿာ ၅၀၊ ရေသန့်ကတ် ၅၀၊ ခေါက်ဆွဲခြောက်ဖာ ၅၀၊ အသင့်စားဆန်ပြုတ်ထုပ် ၁၂ ဖာနှင့် အသားချောင်း ၁၀ ဖာတို့ကို ထောက်ပံ့ပေးအပ်ကြပြီး စခန်းတာဝန်ခံက လိုအပ်ချက်များကို တင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အဆိုပါ မြေဧရိယာအတွင်း ချီဖွေခရိုင်မှ ဌာနဆိုင်ရာအရာထမ်း/ အမှုထမ်းများအတွက် နေရာချထားပေးနိုင်ရေး ယာယီတဲအိမ်များ တည်ဆောက်ပေးလျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ မိုးမကျမီ အမြန်ဆုံး ဆောက်လုပ်ပြီးစီးရေးနှင့် ဝန်ထမ်းများအား စနစ်တကျ ရွှေ့ပြောင်းနေရာချထားပေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ဥတ္တရသီရိမြို့နယ်၌ စခန်းသွင်းသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တွေ့ဆုံအားပေး

ဥတ္တရသီရိ မေ ၂၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန် စခန်းသွင်း လေ့ကျင့်သင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ဥတ္တရခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမော်နှင့် အဖွဲ့ဝင်များက ယနေ့မွန်းလွဲပိုင်းတွင် အားပေးစကားပြောကြားသည်။



ဥတ္တရခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် မိခင်နှင့်ကလေး အဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူ ၇၂ ဦးအား စခန်းသွင်း လေ့ကျင့် သင်ကြားနေမှုနှင့် ကျောင်းအိပ်၊ ကျောင်းစားထားရှိမှု အခြေအနေများကို ကြည့်ရှုပြီး ဆရာ ဆရာမများ၏ သင်ကြားမှုများကို စနစ်တကျလေ့လာကျက်မှတ်ရေး၊ စိတ်ခွန်အားပြင်းပြ စွာဖြင့် အမှတ်ကောင်းရရှိအောင်ကြိုးစားဆောင်ရွက်ရေး၊ ကျန်းမာရေး ဂရုစိုက်နေထိုင်ရေးတို့ကို ပြောကြားသည်။ ထို့နောက် ရွှေဖီဦးလက်ဖက်ရည်ထုပ်များ၊ ခေါက်ဆွဲခြောက်၊ အချိုရည်၊ မုန့်မျိုးစုံ၊ ဗလာစာအုပ်၊ စာရေးကိရိယာ ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ပြန်/ဆက်)**

## ရဲတပ်ဖွဲ့ဝင်မိသားစု သားသမီးများအား ကျောင်းသုံးပစ္စည်းများနှင့် ပညာသင်စရိတ်ပေးအပ်

ကြံခင်း မေ ၂၁

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ခန်းမတွင် ယနေ့နံနက်ပိုင်းက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရဲတပ်ဖွဲ့ဝင်မိသားစုများ၏ သားသမီးများအား ကျောင်းသုံးပစ္စည်းများနှင့် ပညာသင်စရိတ်ပေးအပ်ပွဲ ကျင်းပသည်။

### ပညာသင်စရိတ်များ ပေးအပ်

ဦးစွာ ၅၂၈ လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းတိုက် ပဓာနနာယက ဆရာတော် သီတဂူဗုဒ္ဓ တက္ကသိုလ်(ပြည်) (ပါမောက္ခ) ဒေါက်တာ ပညာနန္ဒက ဆုံးမဩဝါဒစကား မိန့်ကြားသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကြည်စိုးက အမှာစကား ပြောကြားပြီး ကျောင်းသုံးပစ္စည်းနှင့် ထောက်ပံ့ငွေချီးမြှင့်သည်။

ယင်းနောက် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်ကြည်ကြည်အေး၊ မြို့မရဲစခန်းမှူး ဒုရဲမှူး လှခိုင်၊ ဘက်ရဲနယ်မြေရဲစခန်းမှူး ရဲအုပ် စိုးလွင်၊ ဆိပ်သာနယ်မြေရဲကင်းစခန်းမှူး ရဲအုပ် ရာဇာစိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းမှတ်တမ်းဌာနစိတ် တာဝန်ခံ ဒုရဲအုပ် ကျော်ဆန်းလွင်တို့က ပညာသင်ကြားနေသူ တပ်ဖွဲ့ဝင်မိသားစု သားသမီး၊ ကျောင်းသား ကျောင်းသူ ၂၅ ဦးအား ကျောင်းသုံးပစ္စည်းနှင့် ပညာသင်စရိတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဧရာဦးသာ





## ရေကြည်မြို့နယ်၌ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေး သစ်စက်များသို့ ကွင်းဆင်းစစ်ဆေး

ရေကြည် မေ ၂၁

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်အတွင်း၌ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် သစ်စက်များသို့ ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးနိုင်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ သစ်စက်များသို့သွားရောက်ကာ မီးဘေးလုံခြုံမှုရှိစေရေးအတွက် မီးသတိရှိရေး၊ လျှပ်စစ်ဝါယာကြိုးများသွယ်တန်းရာတွင် စနစ်တကျရှိ/မရှိ၊ မီးပလပ်/ ခလုတ်အား ဟောင်းနွမ်းပျက်စီးနေပါက အသစ်လဲလှယ်တပ်ဆင်ရေး၊ မီးသတ်ပစ္စည်းကိရိယာများဖြစ်သော မီးသတ်ဆေးဘူး ၊ မီးသတ်ရေပုံးများ၊ မီးချိတ်၊ မီးကပ်များ၊ သဲအိတ်များ၊ ရေပုံးများ၊ ရေကန်များ၌ ရေများဖြည့်တင်းကာ အသင့်ထားရှိရန် လိုအပ်ကြောင်းနှင့် မီးဘေးလုံခြုံရေးနှင့် အရေးပေါ်လွတ်မြောက်နိုင်ရေးအတွက် အရေးပေါ် ထွက်ပေါက်များထားရှိရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ဆောင်ရန် ရှောင်ရန်များ၊ မတော်တဆမီးလောင်မှုဖြစ်ပွားပါက မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များထားရှိစေရေးတို့ကို အကြံပြုလမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ၂၀၂၅ ရိုမေးနီးယား ရွေးကောက်ပွဲ သုံးသပ်ချက်

နိုင်ငံတကာရေးရာ သုတေသီတစ်ဦး

**၂၀၂၅ ခုနှစ် မေလ ၁၈ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ ရိုမေးနီးယားနိုင်ငံ သမ္မတရွေးကောက်ပွဲရလဒ်တွေ အပြီးသတ်ထွက်ပေါ်လာခဲ့ပြီ ဖြစ်ပါတယ်။ ဥရောပ (အီးယူ) လိုလားတဲ့ လစ်ဘရယ်ဝါဒီ လက်ရှိ ဘူခါရက် (Bucharest) မြို့တော်ဝန် Nicusor Dan က မဲအားလုံးရဲ့ ၅၃ ဒသမ ၆ ရာခိုင်နှုန်းနဲ့ အနိုင်ရသွားပြီး အနိုင်ရမယ်လို့ ရှေ့ကပြေးနေတဲ့ အမျိုးသားရေးဝါဒီ George Simion က ၄၆ ဒသမ ၄ ရာခိုင်နှုန်းနဲ့ ရှုံးနိမ့်သွားပါတယ်။**

အခု ရွေးကောက်ပွဲက ဒုတိယအကြိမ် ရွေးကောက်ပွဲဖြစ်ပါတယ်။ ရိုမေးနီးယားနိုင်ငံဟာ ပြင်သစ်နိုင်ငံလိုပဲ သမ္မတရွေးကောက်ပွဲတွေကို နှစ်ကြိမ် (two–round voting system) ခွဲပြီး ကျင်းပပါတယ်။ ပထမအကြိမ် ရွေးကောက်ပွဲတွေကို ၂၀၂၅ ခုနှစ် မေလ ၄ ရက်နေ့မှာပြုလုပ်ခဲ့တာဖြစ်ပြီး အဲဒီတုန်းက အမျိုးသားရေးဝါဒီ George Simion အနိုင်ရခဲ့ပါတယ်။ George Simion ဟာ အမေရိကန်သမ္မတ ထရမ့်ကို ကြည်ညိုလေးစားသူဖြစ်ပြီး အီးယူရဲ့ဦးဆောင်မှုကို အယုံအကြည်နည်းသူဖြစ်ပါတယ်။



ရိုမေးနီးယားနိုင်ငံ ရွေးကောက်ပွဲတွင် အနိုင်ရရှိသွားသည့် ဘူခါရက် (Bucharest) မြို့တော်ဝန် Nicusor Dan။

ပထမအကြိမ် ရွေးကောက်ပွဲတုန်းက George Simion ဟာ မဲအားလုံးရဲ့ ၄၀ ဒသမ ၉၆ ရာခိုင်နှုန်းရခဲ့ပြီး အဲဒီတုန်းက ဒုတိယနေရာလိုက်ခဲ့တဲ့ အခု ဒုတိယအကြိမ် ရွေးကောက်ပွဲမှာ အနိုင်ရသွားတဲ့ Nicusor Dan က ၂၀ ဒသမ ၉၉ ရာခိုင်နှုန်း ရခဲ့ပါတယ်။ လက်ရှိ အုပ်ချုပ်နေတဲ့ ရိုမေးနီးယား လက်ဝဲညွန့်ပေါင်းအစိုးရ ကိုယ်စားလှယ် Crin Antonescu က ၂၀ ဒသမ ၆၂ ရာခိုင်နှုန်းနဲ့ တတိယနေရာ ရပါတယ်။ ဒါကြောင့် ဒုတိယအကြိမ် အပြီးသတ်ရွေးကောက်ပွဲမှာ George Simion အနိုင်ရဖို့များတယ်လို့ တွက်ခဲ့ကြပါတယ်။ အမှန်ကတော့ ပထမအကြိမ်တုန်းက လစ်ဘရယ်တွေထဲမှာ မဲက နှစ်ခြမ်းကွဲသွားခဲ့ပြီး အခု ဒုတိယအကြိမ်မှာတော့ အမျိုးသားရေးသမား George Simion အနိုင်ရမှာစိုးတာကြောင့် လစ်ဘရယ်တွေ မဲအားလုံး ဘူခါရက်မြို့တော်ဝန် Nicusor Dan ဆီ ထည့်လိုက်ကြပုံရပါတယ်။

## ကွန်မြူနစ်နိုင်ငံတစ်နိုင်ငံအဖြစ် လူသိများခဲ့

ရိုမေးနီးယားနိုင်ငံဟာ ဥရောပ အလယ်ပိုင်းမှာ တည်ရှိပြီး ဥရောပအဆင့်နဲ့ကြည့်မယ်ဆိုရင် ဖွံ့ဖြိုးမှုနည်းပါးတဲ့ နိုင်ငံဖြစ်ပါတယ်။ တစ်ချိန် စစ်အေးတိုက်ပွဲကာလက ရိုမေးနီးယားဟာ အရှေ့ဥရောပ ကွန်မြူနစ်နိုင်ငံတစ်နိုင်ငံအဖြစ် လူသိများခဲ့ပါတယ်။ အဲဒီတုန်းက ဆိုဗီယက်ဦးဆောင်တဲ့ ဝါဆောစစ်အုပ်စု အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပြီး အခုတော့ အခြားအရှေ့ဥရောပနိုင်ငံများလို ရိုမေးနီးယားဟာ အမေရိကန်ဦးဆောင်တဲ့ နေတိုးစစ်အုပ်စုအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်နေပါပြီ။ အခု ရိုမေးနီးယား ရွေးကောက်ပွဲဟာ ရိုးမေးနီးယားနိုင်ငံအတွက်သာမက ဥရောပတိုက် တစ်နည်း အီးယူအတွက်လည်း အရေးကြီးပါတယ်။

ဘာလို့လဲဆိုတော့ဒီနေ့ရိုမေးနီးယားနိုင်ငံဟာ ပြဿနာတက်နေတဲ့ ယူကရိန်းနိုင်ငံနဲ့ နယ်စပ်ချင်းထိစပ်နေပြီး အမေရိကန်၊ အီးယူနဲ့ နေတိုးစစ်ဘက်၊ အရပ်ဘက်ဆိုင်ရာ ထောက်ပံ့ပို့ဆောင်မှုအများအပြားဟာ ရိုမေးနီးယားက တစ်ဆင့် ယူကရိန်းနိုင်ငံဆီ နယ်စပ်ဖြတ်ကျော်သွားရောက်နေတာ ဖြစ်ပါတယ်။အဲဒီလိုအခြေအနေမှာရိုမေးနီးယားနိုင်ငံရေးမှာ နှစ်ခြမ်းကွဲပါတယ်။ အီးယူလိုလားသူ၊ ယူကရိန်းကို ထောက်ခံသူစတဲ့လစ်ဘရယ် နိုင်ငံရေးသမားတွေနဲ့ အီးယူကို အယုံအကြည်နည်းသူ၊ ယူကရိန်းကို ခပ်တန်းတန်းဆက်ဆံလိုသူ အမျိုးသားရေး နိုင်ငံရေးသမားများဆိုပြီး နှစ်ခြမ်းကွဲပါတယ်။

အဲဒီလို အခြေအနေမှာ ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှာ ရိုမေးနီးယားသမ္မတရွေးကောက်ပွဲ (ပထမအကြိမ်) ကို ပြုလုပ်ခဲ့ပါတယ်။ ရွေးကောက်ပွဲမှာ အများမမျှော်လင့်ဘဲ အီးယူကိုဆန့်ကျင်ပြီး ရုရှားနိုင်ငံကိုလိုလားတဲ့ အမျိုးသားရေးဝါဒီ လက်ယာစွန်းခေါင်းဆောင်တစ်ယောက်ဖြစ်သူ Călin Georgescu အနိုင်ရသွားခဲ့ပါတယ်။ ဥရောပတစ်လွှား နိုင်ငံရေးဂယက်ထသွားခဲ့ပြီး ရိုမေးနီးယား နိုင်ငံတစ်ဝန်း အမျိုးသားရေးဝါဒီတွေ အောင်ပွဲခံခဲ့ကြပါတယ်။ အဲဒီမှာတင် ရိုမေးနီးယားဖွဲ့စည်းပုံအခြေခံခုံရုံးက ရွေးကောက်ပွဲမှာ ရုရှားနိုင်ငံရဲ့ ကြားဝင်စွက်ဖက်မှုရှိတယ်ဆိုပြီး ရွေးကောက်ပွဲ ရလဒ်တွေကို ဖျက်သိမ်းလိုက်ပါတယ်။ ရွေးကောက်ပွဲအနိုင်ရတဲ့ Călin Georgescu ကိုလည်း လာမယ့်ရွေးကောက်ပွဲတွေမှာ သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပိတ်ပင်လိုက်ပါတယ်။

> **❛ ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှာ ရိုမေးနီးယားသမ္မတရွေးကောက်ပွဲ (ပထမအကြိမ်) ကို ပြုလုပ်ခဲ့ပါတယ်။ ရွေးကောက်ပွဲမှာ အများမမျှော်လင့်ဘဲ အီးယူကိုဆန့်ကျင်ပြီး ရုရှားနိုင်ငံကိုလိုလားတဲ့ အမျိုးသားရေးဝါဒီ လက်ယာစွန်းခေါင်းဆောင်တစ်ယောက်ဖြစ်သူ Călin Georgescu အနိုင်ရသွားခဲ့ပါတယ်။ ဥရောပတစ်လွှား နိုင်ငံရေးဂယက်ထသွားခဲ့ပြီး ရိုမေးနီးယားနိုင်ငံတစ်ဝန်း အမျိုးသားရေးဝါဒီတွေ အောင်ပွဲခံခဲ့ကြပါတယ်။ အဲဒီမှာတင် ရိုမေးနီးယားဖွဲ့စည်းပုံအခြေခံခုံရုံးက ရွေးကောက်ပွဲမှာ ရုရှားနိုင်ငံရဲ့ ကြားဝင်စွက်ဖက်မှုရှိတယ်ဆိုပြီး ရွေးကောက်ပွဲ ရလဒ်တွေကို ဖျက်သိမ်းလိုက်ပါတယ်။ ရွေးကောက်ပွဲအနိုင်ရတဲ့ Călin Georgescu ကိုလည်း လာမယ့်ရွေးကောက်ပွဲတွေမှာ သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပိတ်ပင်လိုက်ပါတယ် ❜**

Călin Georgescu ဟာ ရိုမေးနီးယားနိုင်ငံရဲ့ ဒေါ်နယ်ထရမ့်အဖြစ် လူသိများတာကြောင့် အမေရိကန်နိုင်ငံက အဲဒီလို ရွေးကောက်ပွဲ ရလဒ် ဖျက်သိမ်းတာကို မကျေနပ်ပါဘူး။ ၂၀၂၅ ခုနှစ် ဖေ်ဖော်ဝါရီလ ဂျာမနီနိုင်ငံ မြူးနစ်မြို့မှာ ပြုလုပ်တဲ့ မြူးနစ်လုံခြုံရေးကွန်ဖရင့် (The Munich Security Conference) ကို အမေရိကန် ဒုတိယသမ္မတဂျေဒီဗန့် (JD Vance) သွားတက်ပါတယ်။ မြူးနစ်မှာရှိစဉ် ဂျေဒီဗန့်က ရိုမေးနီးယားမှာ ရွေးကောက်ပွဲရလဒ် ဖျက်သိမ်းခဲ့တာကို ဝေဖန်သွားခဲ့ပြီး အာဏာရဥရောပလစ်ဘရယ်အစိုးရတွေက ရိုမေးနီးယားနဲ့ ဥရောပတစ်လွှား လက်ယာအမျိုးသား နိုင်ငံရေးသမားတွေ နှိပ်ကွပ်ခံနေရတာကို ရည်ညွှန်းပြီး တစ်နေ့ ဥရောပဟာ ပျက်စီးလိမ့်မယ်။ အဲဒီပျက်စီးခြင်းဟာ သူ့အတွင်းကပဲ လာလိမ့်မယ်ဆိုပြီး ပြောဆိုသွားခဲ့ပါတယ်။

## မခံချိမခံသာ ဖြစ်နေခဲ့

၂၀၂၄ ခုနှစ် နိုဝင်ဘာလမှာ ရိုမေးနီးယား သမ္မတရွေးကောက်ပွဲ (ပထမအကြိမ်) ကို ဖျက်သိမ်းခဲ့တဲ့အတွက် ၂၀၂၅ ခုနှစ် မေလ ၄ ရက်နေ့မှာ ရိုမေးနီးယား သမ္မတရွေးကောက်ပွဲ (ပထမအကြိမ်) ကို ပြန်ပြီးပြုလုပ်ပါတယ်။ အဲဒီပြန်လုပ်တဲ့ ရွေးကောက်ပွဲမှာလည်း ရွေးကောက်ပွဲဝင်ခွင့် ပိတ်ပင်ခံထားရတဲ့ Călin Georgescu ရဲ့ မဟာမိတ်ဖြစ်သူ အမျိုးသားရေးနိုင်ငံရေးသမား George Simion ဦးဆောင်တဲ့ Alliance for the Union of Romanians (AUR) က အပြတ်အသတ်နိုင်ပါတယ်။ George Simion က သူသာအနိုင်ရရင် Călin Georgescu ကို ဝန်ကြီးချုပ်ခန့်အပ်မယ်ဆိုပြီး ပြောထားပါတယ်။ Călin Georgescu အနိုင်ရမှုကြောင့် ကသိကအောက်ဖြစ်နေတဲ့ အီးယူဟာ နောက်တစ်ခါထပ်လုပ်တဲ့ ရွေးကောက်ပွဲမှာလည်း Călin Georgescu ရဲ့ မဟာမိတ် George Simion ထပ်နိုင်လို့ မခံချိမခံသာ ဖြစ်နေခဲ့ပါတယ်။

ဒုတိယအကြိမ် ရွေးကောက်ပွဲမှာသာ George Simion ထပ်နိုင်ရင်၊ ရိုမေးနီးယားမှာ လက်ယာစွန်းတွေ အစိုးရဖွဲ့နိုင်ရင် ရိုမေးနီးယား ဒီမိုကရေစီအတွက်သာမဟုတ်ဘဲ ဥရောပတစ်တိုက်လုံး ဒီမိုကရေစီအတွက် ကြီးမားတဲ့ထိုးနှက်ချက် ဖြစ်လာပါလိမ့်မယ်။ အခုတော့ အီးယူလည်း အတော်စိတ်သက်သာရာ ရသွားခဲ့ပါတယ်။ တစ်နည်း ရိုမေးနီးယားမှာသာမက ဥရောပတစ်တိုက်လုံးက လစ်ဘရယ်တွေ အောင်ပွဲခံသွားခဲ့ပါတယ်။ မည်သို့ဆိုစေ ရိုမေးနီးယားမှာ အမျိုးသားရေးဝါဒီတွေ၊ လက်ယာစွန်းတွေ အားကောင်းနေတယ်ဆိုတာကတော့ မည်သူမှမငြင်းနိုင်ပါဘူး။

## အီးယူလိုလားတဲ့ ထောက်ခံပွဲတွေ ပြုလုပ်ခဲ့ကြ

၂၀၂၅ ခုနှစ် မေလ ၁၈ ရက်နေ့ ဒုတိယအကြိမ် ရွေးကောက်ပွဲမတိုင်မီ ရက်ပိုင်းအလိုမှာ မီဒီယာတွေက လူထုမဲစစ်တမ်းများမှာ အမျိုးသားရေးဝါဒီ George Simion နဲ့ လစ်ဘရယ်ဝါဒီမြို့တော်ဝန် Nicusor Dan တို့ဟာ ဘတစ်ပြန်၊ ကျားတစ်ပြန် သူမသာကိုယ်မသာ အကြိတ်အနယ်ဖြစ်နေတယ်၊ နောက်ဆုံး မဲစစ်တမ်းများအရ Nicusor Dan က နှာတစ်ဖျားနဲ့ အသာရနေတယ်ဆိုပြီး ရေးသားကြပါတယ်။ လွန်ခဲ့တဲ့နှစ်ပတ်လောက်တုန်းကတော့ လူထုမဲစစ်တမ်းများမှာ အမျိုးသားရေးဝါဒီ George Simion ကပဲ ဒုတိယအကြိမ်ရွေးကောက်ပွဲမှာ အနိုင်ရမယ်လို့ ဖော်ပြခဲ့ကြပါတယ်။ အခု ရွေးကောက်ပွဲနီးလာတော့ Nicusor Dan နိုင်မယ်ဆိုပြီး ဖြစ်လာပြန်ပါတယ်။ မေလ ၁၈ ရက်နေ့မတိုင်မီ ရိုမေးနီးယားနိုင်ငံ မြို့ကြီးအချို့မှာ အီးယူလိုလားတဲ့ ထောက်ခံပွဲတွေ ပြုလုပ်ခဲ့ကြပါတယ်။ ၁၉၈၉ ခုနှစ်မှာ အာဏာရှင် ချောင်ချက်စကူးကို အသက်ဆုံးရှုံးသည်အထိဖြစ်စေခဲ့တဲ့ လူထုအုံကြွမှုစတင်ရာ Timisoara မြို့ကြီးမှာ

**စာမျက်နှာ ၁၃ သို့** ❖




ရိုမေးနီးယားရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သည့် အမျိုးသားရေးဝါဒီ George Simion။

**❛ ယေဘုယျအနေနဲ့ Nicusor Dan ကို မဲထည့်သူတွေဟာ အီးယူနဲ့ ယူကရိန်းလိုလားသူတွေဖြစ်ပါတယ်။ George Simion ကို မဲထည့်သူတွေကတော့ အီးယူကို ဝေဖန်သူနဲ့ ရုရှားကိုစာနာသူတွေ ဖြစ်ပါတယ်။ မဲရလဒ်တွေက အများကြီး မကွာလှပါဘူး။ သူရခဲ့တဲ့ မဲအများစုကလည်း George Simion အနိုင်ရမှာစိုးလို့ မဲမကွဲအောင် မဲဝိုင်းထည့်လိုက်တဲ့ သဘောဆောင်လို့ သူ့လူတွေကို တစ်လှေတည်းမှာ စုထားဖို့တော့ ခဲယဉ်းပါလိမ့်မယ်။ တစ်ဖက်မှာ ရွေးကောက်ပွဲ နှစ်ကြိမ်လုံး ၄၀ ရာခိုင်နှုန်းကျော်ရထားတဲ့ အမျိုးသားရေးအင်အားစုတွေ ရှိနေပါတယ်။ နိုင်ငံထဲမှာလည်း အမေရိကန်စစ်အခြေစိုက်စခန်းတွေရှိနေတဲ့အတွက် အနေမတတ်ရင် အမေရိကန်၊ အီးယူနဲ့ ရုရှားကြားမှာ ညပ်သွားနိုင် ❜**

❖ စာမျက်နှာ ၁၂ မှ

လူအချို့က စုရုံးဆန္ဒပြကြပြီး ဖက်ဆစ်တို့လက်အောက်မှာ နေရတာထက် သေရတာကမြတ်တယ်ဆိုပြီး ကြွေးကြော်လာကြပါတယ်။

ဆိုလိုတာက ဒုတိယအကြိမ်ရွေးကောက်ပွဲမှာ အမျိုးသားရေးဝါဒီ George Simion သာ အနိုင်ရခဲ့ပါက ရိုမေးနီးယားဟာ နောက်တစ်ကြိမ် လူထုအုံကြွမှုနဲ့ ရင်ဆိုင်ရမယ်ဆိုတဲ့သဘောနှတ်ကြောင်းပေးလာပါတယ်။ George Simion ဘက်ကလည်း ဒုတိယအကြိမ်ရွေးကောက်ပွဲမှာ မတရားမှုအချို့ရှိလာနိုင်ကြောင်း၊ သေဆုံးသူတစ်သန်းကျော်ရဲ့မဲတွေ မဲစာရင်းမှာ ပြန်ပါနေတယ်ဆိုပြီး သူကြားသိထားကြောင်း၊ အချိန်ကိုက်ပြီး မီဒီယာတွေက ရွေးကောက်ပွဲနားနီးမှ စစ်တမ်းတွေမှာ သူ့ပြိုင်ဘက် Nicusor Dan နှာတစ်ဖျားအသာရနေတယ်လို့ ဖော်ပြတာမရိုးသားကြောင်း ထုတ်ဖော် ပြောကြားခဲ့ပါတယ်။ ရွေးကောက်ပွဲရလဒ်တွေ ထွက်ပေါ်လာခါစမှာ George Simion ဘက်က ကန့်ကွက်မယ်ဆိုတဲ့ အရိပ်အယောင်တွေ မြင်တွေ့ခဲ့ရပေမယ့် နောက်ဆုံးမှာ George Simion က အနိုင်ရသူ Nicusor Dan ကို ချီးကျူးဂုဏ်ပြုလိုက်ပြီး ရွေးကောက်ပွဲရလဒ်တွေကို လက်ခံလိုက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရွေးကောက်ပွဲကတော့ ပြီးဆုံးသွားခဲ့ပါပြီ။ ရွေးကောက်ပွဲနှစ်ကြိမ်စလုံးမှာ မကျေလည်မှုတွေရှိခဲ့တာကြောင့် နောက်ပိုင်း ရိုမေးနီးယားနိုင်ငံရေးမှာ မတည်ငြိမ်မှုအချို့ ရှိလာနိုင်ပါတယ်။ အခုပဲ George Simion ထောက်ခံသူအချို့က ရိုမေးနီးယားတစ်ဝန်း ဆန့်ကျင်ဆန္ဒပြဖို့ စည်းရုံးလှုံ့ဆော်နေကြပါတယ်။

## ချောင်ချက်စကူးရဲ့ ကျိန်စာလား

ရိုမေးနီးယားဆိုတာနဲ့ နိုင်ငံရေးစိတ်ဝင်စားသူတွေတွဲသိကြတာကအာဏာရှင်ဟောင်း ချောင်ချက်စကူး (Nicolae Ceauşescu) ပဲ ဖြစ်ပါတယ်။ ချောင်ချက်စကူးဆိုတာ တစ်ချိန်က စစ်အေးခေတ်ဆိုဗီယက်ခေတ်ကွန်မြူနစ် ရိုမေးနီးယားကို နှစ်ပေါင်း ၂၀ ကျော် (၁၉၁၈-၁၉၈၉) အုပ်ချုပ်ခဲ့တဲ့အာဏာရှင် သမ္မတဟောင်းဖြစ်ပါတယ်။ ချောင်ချက်စကူးဟာ ရိုမေးနီးယားအကျိုးစီးပွားကို ဦးထိပ်ထားသူ၊ ဆိုရှယ်လစ်အမျိုးသားရေးဝါဒီတစ်ယောက်အနေနဲ့လည်း ထင်ရှားပါတယ်။ ၁၉၈၉ ခုနှစ်မှာ အခြားအရှေ့ဥရောပနိုင်ငံတွေလိုပဲ ရိုမေးနီးယားမှာ ဒီမိုကရေစီတောင်းဆို ဆန္ဒပြမှုတွေဖြစ်ခဲ့ပါတယ်။

အရှေ့ဥရောပတစ်လွှားမှာ ဘာလင်တံတိုင်းကြီး ပြိုကျ၊ ကွန်မြူနစ်အစိုးရတွေ ပြုတ်ကျသွားခဲ့ပေမယ့် ရိုမေးနီးယားနိုင်ငံမှာတော့ ချောင်ချက်စကူးက အလွယ်တကူဆင်းမပေးဘဲ ဆန္ဒပြသူတွေကို လုံခြုံရေးတပ်ဖွဲ့တွေနဲ့ ဖြိုခွင်းဖို့ကြိုးစားရာကနေ တစ်နိုင်ငံလုံး ဆန့်ကျင်အုံကြွကြလို့ ချောင်ချက်စကူးနဲ့ သူ့မိန်းမတို့ နိုင်ငံက ထွက်ပြေး၊ လမ်းမှာဖမ်းမိ၊ နောက်တက်လာတဲ့ ရိုမေးနီးယားကြားဖြတ်အစိုးရက ချောင်ချက်စကူး (Nicolae Ceauşescu) နဲ့ သူ့မိန်းမ (Elena Ceausescu) ကို ဖမ်းမိပြီး သုံးရက်အကြာမှာ အထူးစစ်ခုံရုံးနဲ့ အကျဉ်းရုံးစစ်ဆေးပြီး သေဒဏ်ပေးကွပ်မျက်လိုက်ပါတယ်။ သမ္မတတစ်ယောက်ကို ရက်ပိုင်းအတွင်း အကျဉ်းစီရင်ကွပ်မျက်ခဲ့တာဖြစ်လို့ အဲဒီတုန်းက အမေရိကန်အပါအဝင် အချို့ဥရောပနိုင်ငံကြီးတွေက အဲဒီလိုကွပ်မျက်မှုကို ထင်သာမြင်သာမရှိဘူးဆိုပြီး ဝေဖန်ရှုတ်ချခဲ့ကြပါတယ်။

ချောင်ချက်စကူးနဲ့ သူ့မိန်းမကို ပစ်သတ်ကွပ်မျက်ခဲ့တဲ့နေ့က ၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့ (ခရစ္စမတ်နေ့) ဖြစ်ပါတယ်။ တိုက်ဆိုင်စွာပဲ ချောင်ချက်စကူးကိုသေဒဏ်ပေးတဲ့ အထူးစစ်ခုံရုံးကို ကြီးမှူးတဲ့ ရိုမေးနီးယားဗိုလ်မှူးကြီး Colonel Gică Popa ဟာ ၁၉၉၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့မှာ သူ့ရုံးခန်းမှာ သေဆုံးနေတာ တွေ့ရပါတယ်။ ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်လို့ပဲ သတင်းတွေမှာ ဖော်ပြပါတယ်။

ရိုမေးနီးယားမှာတော့ ချောင်ချက်စကူးကျိန်စာဟာ လူပြောများခဲ့ပါတယ်။ ချောင်ချက်စကူးက သူဟာ ရိုမေးနီးယားအတွက် ကောင်းရာကောင်းကျိုး အများကြီး လုပ်ပေးခဲ့တယ်လို့ (ချောင်ချက်စကူးက) ယုံကြည်ပါတယ်။ သူဟာ ဆိုဗီယက်အုပ်စုဝင်နိုင်ငံဖြစ်ပေမယ့် ဆိုဗီယက်တို့ခိုင်းတဲ့အတိုင်း လိုက်နာဆောင်ရွက်သူမဟုတ်ဘဲ တစ်ခါတစ်ရံ ဆိုဗီယက်ကို ဝေဖန်ပြစ်တင်လို့ အနောက်နိုင်ငံတွေအကြားမှာ ရှားရှားပါးပါးကွန်မြူနစ်ပြုပြင်ပြောင်းလဲရေးဝါဒီအဖြစ် ရေပန်းစားပါတယ်။ ခုံရုံးတင် အစစ်ဆေးခံရချိန်နဲ့ အကွပ်မျက်ခံရချိန်မှာ ချောင်ချက်စကူးနဲ့ သူ့မိန်းမဟာ ရိုမေးနီးယားနိုင်ငံရေးကို ကျိန်စာတိုက်ခဲ့တယ်၊ နောင်တစ်ချိန်မှာ သူတို့ကို မတရားဖမ်းဆီးစွဲချက်တင်ကွပ်မျက်ခဲ့တဲ့ တော်လှန်ရေးသမားဒီမိုကရေစီရေး လိုလားသူဆိုသူတွေကို အနိုင်ရသူဖြစ်ရပါလို၏လို့ ဆုတောင်းခဲ့တယ် စသဖြင့် ချောင်ချက် စကူးအပေါ်စာနာထောက်ခံသူတွေအကြား အဲဒီအချိန်က ကောလာဟလအချို့ ပျံ့နှံ့ခဲ့ပါတယ်။

သမိုင်း မှတ်တမ်းတွေမှာတော့ ချောင်ချက်စကူးဟာ ပစ်သတ်ကွပ်မျက်မခံရမီ မိနစ်ပိုင်းမှာ ဆိုရှယ်လစ်တေးသီချင်း (The Internationale) ကို ရွတ်ဆိုခဲ့တယ်၊ ရိုမေးနီးယား ဆိုရှယ်လစ်သမ္မတနိုင်ငံ အဓွန့်ရှည်ပါစေလို့ ကြွေးကြော်ခဲ့တယ် စသဖြင့် ဖော်ပြပါတယ်။ ချောင်ချက်စကူးကွပ်မျက်ခံခဲ့ရတာ ၁၉၈၉ ခုနှစ်ဆိုတော့ အခုဆို ၃၅ နှစ်ရှိခဲ့ပါပြီ။ ရိုမေးနီးယားမှာ နိုင်ငံရေးတစ်စုံတစ်ရာ အကျပ်အတည်းဖြစ်ရင် ချောင်ချက်စကူးကျိန်စာဆိုတာ လူပြောများပါတယ်။

## စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်ရမှာဖြစ်

ရိုမေးနီးယားသမ္မတ ဖြစ်လာမယ့် Nicusor Dan ဟာ စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ ရိုမေးနီးယားမှာ နေထိုင်စရိတ်ကြီးမြင့်မှု၊ အလုပ်လက်မဲ့ပြဿနာ၊ လူဦးရေကျဆင်းမှု၊ လူငယ်အများအပြား ပြည်ပထွက်အလုပ်လုပ်နေမှု၊ လာဘ်ပေးလာဘ်ယူပြဿနာ၊ မြို့တော်နဲ့ အခြားဒေသတွေ ဖွံ့ဖြိုးမှုကွာဟမှု စတဲ့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ မကျေနပ်မှုများစွာရှိပါတယ်။ ဒ့ါအပြင် ရိုမေးနီးယားအတွက် နိုင်ငံတကာဆက်ဆံရေးဟာ စိန်ခေါ်မှုကြီးဖြစ်လာနေပါတယ်။

ယေဘုယျအနေနဲ့ Nicusor Dan ကို မဲထည့်သူတွေဟာ အီးယူနဲ့ ယူကရိန်းလိုလားသူတွေ ဖြစ်ပါတယ်။ George Simion ကို မဲထည့်သူတွေကတော့ အီးယူကိုဝေဖန်သူနဲ့ ရုရှားကိုစာနာသူတွေ ဖြစ်ပါတယ်။ မဲရလဒ်တွေက အများကြီး မကွာလှပါဘူး။ သူရခဲ့တဲ့ မဲအများစုကလည်း George Simion အနိုင်ရမှာစိုးလို့ မဲမကွဲအောင် မဲဝိုင်းထည့်လိုက်တဲ့ သဘောဆောင်လို့ သူ့လူတွေကို တစ်လှေတည်းမှာ စုထားဖို့တော့ ခဲယဉ်းပါလိမ့်မယ်။ တစ်ဖက်မှာ ရွေးကောက်ပွဲ နှစ်ကြိမ်လုံး ၄၀ ရာခိုင်နှုန်းကျော်ရထားတဲ့ အမျိုးသားရေးအင်အားစုတွေ ရှိနေပါတယ်။ နိုင်ငံထဲမှာလည်း အမေရိကန် စစ်အခြေစိုက်စခန်းတွေ ရှိနေတဲ့အတွက် အနေမတတ်ရင် အမေရိကန်၊ အီးယူနဲ့ ရုရှားကြားမှာ ညပ်သွားနိုင်ပါတယ်။

တယ်လီဂရန် (Pavel Durov) ပူးတွဲတည်ထောင်သူ Pavel Durov က ဥရောပနိုင်ငံကြီးတွေဟာရိုမေးနီးယားရွေးကောက်ပွဲမှာ ဝင်ရောက်စွက်ဖက်တယ်ဆိုပြီး ဝေဖန်ခဲ့တဲ့နောက် ရုရှားဘက်ကလည်း အသံစထွက်လာပါတယ်။ ရွေးကောက်ပွဲဝင်ခွင့် ပိတ်ပင်ခံထားရတဲ့ ရုရှားလိုလားသူ အမျိုးသားရေးဝါဒီ Călin Georgescu နဲ့ ဖျက်သိမ်းခဲ့တဲ့ အရင်ပထမအကြိမ်ရွေးကောက်ပွဲကို ထောက်ပြရင်း ရိုမေးနီးယားရွေးကောက်ပွဲမှာ ပြင်သစ်၊ ယူကေနဲ့ ဂျာမနီတို့ရဲ့ စွက်ဖက်မှုတွေရှိတယ်ဆိုတာ အထူးအဆန်း မဟုတ်ဘူးဆိုပြီး ရုရှားဘက်က ပြောလာပါတယ်။ လက်ရှိ ရိုမေးနီးယား လက်ဝဲညွန့်ပေါင်းအစိုးရကလည်း ပြိုပျက်နေပါတယ်။ ပထမအကြိမ် ရွေးကောက်ပွဲမှာ လက်ရှိညွန့်ပေါင်းအစိုးရ ကိုယ်စားလှယ်က တတိယနေရာပဲရခဲ့ပြီး ဒုတိယအကြိမ်ရွေးကောက်ပွဲမှာ ပါဝင်ခွင့်မရတော့လို့ ဝန်ကြီးချုပ်ဖြစ်သူ Marcel Ciolacu နုတ်ထွက်သွားခဲ့ပါတယ်။ ဝန်ကြီးချုပ်ရဲ့ ပါတီ Social Democratic Party (PSD) ကလည်း ညွန့်ပေါင်းအစိုးရထဲက နုတ်ထွက်သွားလို့ အစိုးရပြိုပျက်သွားခဲ့ပါတယ်။ Nicusor Dan ဟာ နိုင်ငံကို ပြန်တည်ဆောက်ရုံတင်မဟုတ်ဘဲ အစိုးရအဖွဲ့ကိုလည်း အစကနေပြန်ပြီး ပုံဖော်ရပါလိမ့်မယ်။

Nicusor Dan ဟာ လစ်ဘရယ် အလယ်အလတ်ဝါဒီ (centrist) တစ်ဦးဖြစ်ပြီး သင်္ချာပညာရှင်တစ်ယောက်လည်းဖြစ်တာမို့ အတွက်အချက် မမှားဖို့တော့ လိုပါလိမ့်မယ်။ မဟုတ်ရင်တော့ ချောင်ချက်စကူး ကျိန်စာဟာ ရိုမေးနီးယားမှာ တစ်ဖန်လူပြောများလာဦးမှာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

# ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများအား ကွင်းဆင်းစစ်ဆေး



ရန်ကုန် မေ ၂၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများသည် မေ ၂၀ ရက်တွင် စမ်းချောင်းမြို့နယ်၊ အလုံမြို့နယ်နှင့် ဒဂုံမြို့နယ်ရှိ လျှပ်စစ်မန်နေဂျာရုံးများသို့သွားရောက်၍ဓာတ်အားပျောက်ဆုံးမှုများ၊ ဓာတ်အားခကြွေးကျန်များနှင့် ဓာတ်အားခကောက်ခံနေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် အဖွဲ့ဝင်များသည် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း စဉ်ဆက်မပြတ်ဓာတ်အားပေးနိုင်ရေး အတွက် ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများအား အပတ်စဉ်စစ်ဆေးပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရန်၊ ဖီဒါများ၊ ထရန်စဖော်မာများအလိုက် ဓာတ်အားပျောက်ဆုံးမှုများကို စိစစ်၍ တရားမဝင် ဓာတ်အားသုံးစွဲမှုများကို စစ်ဆေးဖော်ထုတ်အရေးယူရေး၊ မီတာများ စနစ်တကျ မှန်ကန်စွာဖတ်ရှုရေး၊ စက်မှုလုပ်ငန်းသုံးနှင့် စီးပွားရေးလုပ်ငန်းသုံး Analog မီတာများအား Digital မီတာများဖြင့် အစားထိုးလဲလှယ်တပ်ဆင်ရေးဆောင်ရွက်ရန်၊ နိုင်ငံတော်ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်တို့က လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျထိန်းသိမ်းကြပ်မတ်ရေး၊ ဝန်ထမ်းစည်းကမ်းများနှင့်အညီ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေထိုင်လုပ်ကိုင်ဆောင်ရွက်ရေး၊ အများပြည်သူနှင့် ပြောဆိုဆက်ဆံရာတွင် ယဉ်ကျေးပြေပြစ်စွာ ပြောဆိုဆက်ဆံရေး စသည်တို့ကို အသေးစိတ်မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်(YESC)**

# မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၂၁

မန္တလေးငလျင်ဘေးသင့် ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ယနေ့ မွန်းလွဲပိုင်းတွင် ဖြူးမဟာစည် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရနှင့် ဒါယကာ ဒါယိကာမများ၊ ရဟန်း ဒါယကာ ဒါယိကာမများ၊ ကျောင်းဒါယကာ ဒါယိကာမများ၊ ပြည်တွင်း/ပြည်ပ ဒါယကာ ဒါယိကာမများ၊ ရပ်နီးရပ်ဝေး ဒါယကာ ဒါယိကာမများက ငွေကျပ် ၁၀ သိန်းနှင့် ငွေကျပ် ၆၇ သိန်းတန်ဖိုးရှိ စားသောက်ကုန်/ လူသုံးကုန်ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(DMC)ရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလျင်ဘေးကြောင့် ပြိုကျခဲ့သည့်နေအိမ်များအတွက် ထောက်ပံ့ငွေပေးအပ်

နေပြည်တော် မေ ၂၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ ငလျင်ဘေးကြောင့် ပြိုကျခဲ့သည့် နေအိမ်များအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ငလျင်ဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ငလျင်ဘေးဖြစ်ပွားမှုကြောင့် နေအိမ်ပြိုကျပျက်စီးခဲ့သည့် လူနေအိမ် ၁၅၇ လုံးအတွက် ထောက်ပံ့ငွေ၊ စားသောက်ဖွယ်ရာပစ္စည်းများနှင့် ကယ်ဆယ်ရေးပုံးများ ပေးအပ်၍ တာဝန်ရှိသူများက ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်နေမှုကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက်တပ်ကုန်းမြို့ မြို့ရှေ့စန္ဒာရုံဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ ကျောင်းထိုင်ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**စားသောက်ဖွယ်ရာများ ပေးအပ်**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တပ်ကုန်းမြို့နယ် မကျီးပင် အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ စခန်းသွင်းလေ့ကျင့်သင်ကြားနေမှုနှင့် ကျောင်းအိပ်ကျောင်းစားထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။




ဆက်လက်၍ မေ ၁၈ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်ခဲ့သည့် မကျီးပင်ကျေးရွာအတွင်း ပြန်လည်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တပ်ကုန်းမြို့မဈေးသို့ ရောက်ရှိပြီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဈေးဆိုင်ခန်းများ ဖယ်ရှားရှင်းလင်းထားရှိမှုကိုလည်းကောင်း၊ တပ်ကုန်းမြို့ ပြည်ထောင်စုလမ်းမကြီးဘေးနှင့် ဗိုလ်မင်းရောင်ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် တူးဖော်ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာရှိ သာသနာ့ဝေပုလ္လကျောင်းတိုက်သို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ငလျင်ဘေးကြောင့် ပျက်စီးခဲ့သည့် သိမ်ကျောင်းဆောင်နှင့် ဆွမ်းစားဆောင် ပြန်လည်ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပျဉ်းမနားမြို့ စုပေါင်းရုံး၌ ကျင်းပသည့် ငလျင်ဘေးကြောင့် ပြိုကျခဲ့သော နေအိမ်များအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားကာ ပျဉ်းမနားမြို့နယ်အတွင်း ပြိုကျခဲ့သည့် လူနေအိမ် ၄၁၄ လုံးအတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ပေးအပ်သော လူနေအိမ်တစ်လုံးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၄၁၄ သိန်းကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာများနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါဝင်သော ပုံးများ ပေးအပ်ပြီး ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်နေမှုကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများအတွက် ထမင်းဘူးများလှူဒါန်းပေးသော မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စားလှယ်များအား ဂုဏ်ပြုနှုတ်ဆက်ပွဲအခမ်းအနားတက်ရောက်၍ ဧပြီ ၁ ရက် မှ မေ ၂၁ ရက်အထိ နေပြည်တော်အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများအတွက် နေ့စဉ် ထမင်းဘူး ၁၀၀၀ ချက်ပြုတ် လှူဒါန်းခဲ့သည့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စားလှယ်များအားဂုဏ်ပြုနှုတ်ဆက်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

သတင်းစဉ်

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

ညောင်ဦး မေ ၂၁

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းသည် မေ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း ဆောင်ရွက်ပြီးစီးသော လုပ်ငန်းများ၊ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ကွင်းဆင်းစစ်ဆေးသည်။

စည်ပင်သာယာရေး ဝန်ကြီး ဦးကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် မေ ၂၀ ရက် ညနေ ၄ နာရီခွဲတွင် ယူနက်စကို၏ ကြီးကြပ်မှုဖြင့် အိန္ဒိယနိုင်ငံ ASI အဖွဲ့က ပြုပြင် ဆောင်ရွက်ထားသော သိကြားပုန်းဘုရား၊ ဘုရားအမှတ် ၁၉၈၃ ပြုပြင်ထိန်းသိမ်းထားရှိမှု၊ အာနန္ဒာအုတ်ကျောင်း ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် မီးငြိမ်းကုန်းဘုရားပြုပြင်ထိန်းသိမ်းထားရှိမှုတို့အား ကြည့်ရှုစစ်ဆေးရာ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ညွှန်ကြားရေးမှူး ဦးညီမွန်းက ပြုပြင်ထိန်းသိမ်းထားရှိမှုများအား မဆောင်ရွက်မီ၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မေ ၂၁ ရက် နံနက် ၇ နာရီခွဲတွင် စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် ညောင်ဦးမြို့ ဘက်စုံသုံးမြို့နယ်ခန်းမ တည်ဆောက်ခြင်း ရှင်းလင်းဆောင်၌ အဆောက်အဦ အထူးအဖွဲ့(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးလှမိုးဇော်က တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးပြီး ညောင်ဦး-ပုဂံမြို့သစ် ဆက်သွယ်ဖောက်လုပ်ထားသည့် အနော်ရထာ နှစ်လမ်းသွားကားလမ်းမကြီးပေါ်ရှိ ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ CSR ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် အနော်ရထာလမ်းရေကျော်၊ မိုင်တိုင် (၂/၅-၂/၆)အတွင်း Box Culvert တွဲလျက် မြေကာနံရံ တည်ဆောက်ခြင်း လုပ်ငန်းနှင့် မြို့ရေပေးဝေရေးအတွက် အမှတ်(၆)ရပ်ကွက်ရှိ ရေဂါလန်၁၅၀၀၀ ဆံ့ ရေစင်တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးရာ ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ဒီပါလင်း



# ဒေါ်ပုံမြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေး

ဒေါပုံ မေ ၂၁

ဒေါပုံမြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ယမုံနာ(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ဒေါပုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးထက်က ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ယမုံနာ(၁) ရပ်ကွက်မှ ၄၄ ဦး၊ ယမုံနာ(၂)ရပ်ကွက်မှ ကိုးဦး၊ ဇေယျာသီရိရပ်ကွက်မှ ရှစ်ဦး၊ သဘော်ကျင်းရပ်ကွက်မှ ၁၇ ဦး စုစုပေါင်း ပြည်သူ ၇၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာဝန်ရှိသူများက လက်ဝယ်အရောက်ပေးအပ်ကြသည်။

ချစ်စုဝေ(ပြန်/ဆက်)






## နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**ကြေညာချက်**

**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၂၂-၅-၂၀၂၅ ရက်နေ့မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပြီး ၂-၆-၂၀၂၅ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## ဒုတိယဝန်ကြီး ဦးမင်းထွဋ် မြန်မာ့အာမခံလုပ်ငန်း ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်ဆုများ ချီးမြှင့်ခြင်းအခမ်းအနား တက်ရောက်

ရန်ကုန် မေ ၂၁

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက မြန်မာ့အာမခံလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက် ရန်ကုန်မြို့ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက မြန်မာ့အာမခံလုပ်ငန်း အနေဖြင့်နှစ်စဉ်ဝင်ငွေတိုးတက်ရရှိလျက်ရှိပြီး ဝင်ငွေလျာထားချက်ပြည့်မီကျော်လွန်အောင် စွမ်းဆောင်ခဲ့ကြသည့် ဌာန အကြီးအကဲများနှင့်တကွ အရာထမ်း/ အမှုထမ်းအားလုံး တက်ညီလက်ညီဆောင်ရွက်ခဲ့မှုကို ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံတွင် ပြည်သူများကြုံတွေ့နေရသည့် မီးဘေး၊ ရေဘေး၊ လေဘေး အစရှိသည့် သဘာဝဘေးအန္တရာယ်များကို အာမခံစနစ်ဖြင့် ကာကွယ်ထောက်ပံ့နိုင်ရေးအတွက် နိုင်ငံတကာအဆင့်အတန်းနှင့်အညီ လိုအပ်သည့် အာမခံအမျိုးအစားများကို တီထွင်ဖန်တီးပြီး လုပ်ဆောင်ပေးရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး အခြေအနေများနှင့် ကိုက်ညီသည့် အာမခံအမျိုးအစားများကို လက်တွေ့ကျကျဆောင်ရွက်ပေးရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

ထို့ပြင် အရာထမ်း/ အမှုထမ်းများအနေဖြင့် မိမိတို့လုပ်ငန်းတာဝန်များ ကြိုးပမ်းထမ်းဆောင်ကြရာတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းကြရန် လိုအပ်ပါကြောင်း၊ အများပြည်သူနှင့် နေ့စဉ်ထိတွေ့ ဆက်ဆံကြရာတွင် ကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ရန်လည်း လိုအပ်ပါကြောင်း၊ နိုင်ငံခြားသားပိုင်အာမခံလုပ်ငန်းများ၊ ပုဂ္ဂလိကပိုင်အာမခံလုပ်ငန်းများနှင့် တန်းတူယှဉ်ပြိုင်၍ လုပ်ကိုင်နေရသည့်အချိန်ဖြစ်၍ မိမိတို့၏ဝန်ဆောင်မှုများကို ကောင်းသည်ထက်ကောင်းအောင် ကြိုးစားနိုင်မှ ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြီး လုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန်သော ဆုရရှိသည့်ရုံးခွဲများကို ဆုများချီးမြှင့်ခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော အဆောက်အအုံများ ပြန်လည် ပြုပြင်တည်ဆောက်ရေးအတွက် ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများ ဆက်လက်ရောင်းချပေးလျက်ရှိ



မန္တလေး မေ ၂၁

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ်ရှိ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်ရာတွင်လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့်အထပ်သားပြားများကို ယနေ့တွင် စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် စဥ့်ကိုင်မြို့နယ် ဆီဆိုင်ကျေးရွာ၌ ပြည်သူများလက်ဝယ်သို့ ဆက်လက်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၉ ရက်မှ စ၍ စဉ်ဆက်မပြတ် ထုတ်ပေးလျက်ရှိရာ ညောင်လေးပင်မြို့နယ်ရှိ တောင်သူများသို့ ချေးငွေထုတ်ပေးခြင်းကို အဆိုပါရုံး၌ ပြုလုပ်ခဲ့ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုး၊ မန်နေဂျာ ဦးမျိုးထွန်းမြင့်နှင့် မြို့နယ်မန်နေဂျာ ဒေါ်ရီရီချိုတို့က ညောင်လေးပင်မြို့နယ် ပွန်တန်ဆာ (၂ )ကျေးရွာအုပ်စုမှ တောင်သူ ၈၄ ဦး၏ စိုက်ပျိုးမြေ ၆၂၂ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၉၃၃၀၀၀၀၀ ကို စတင်ထုတ်ပေးစဉ်။ သတင်းစဉ်

## အမဲသား၊ ဝက်သားများအား သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် မေ ၂၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် အမဲသား၊ဝက်သားများအား ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ ဧပြီ ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့လှည့်လည်ရောင်းချရာ ယနေ့တွင် အမဲသား ပိဿာ ၆၀ နှင့် ဝက်သား ၇၅ ပိဿာတို့ကို သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးခဲ့ကြောင်းနှင့် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



**ပူနွေးကမ္ဘာ တားဆီးရာ မြေရှာတစ်ခု တောပြုစု**

# နားမကြားသောကလေးများကျောင်းမှ ကျောင်းသား ကျောင်းသူ ခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသောကလေးများကျောင်း(ရန်ကုန်)နှင့် နားမကြားသောကလေးများကျောင်း(မန္တလေး)တို့တွင်၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

**သတ်မှတ်ချက်များ**

၁။ အကြားအာရုံ ချို့ယွင်းအားနည်းသူဖြစ်ရမည်။
၂။ အသက်(၆)နှစ်မှ (၁၈)နှစ်အတွင်း ရှိသူဖြစ်ရမည်။
၃။ အကြားအာရုံ ချို့ယွင်းအားနည်းမှုမှလွဲ၍ ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။
၄။ စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူလိုစိတ်ရှိသူ ဖြစ်ရမည်။
၅။ အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။
၆။ ကျား/မ ၊ လူမျိုးနှင့် ကိုးကွယ်ရာ ဘာသာမရွေး လျှောက်ထားနိုင်သည်။
၇။ ကျောင်းအပ်နှံပါက မိဘ(သို့မဟုတ်)အုပ်ထိန်းသူကိုယ်တိုင် လာရောက်အပ်နှံရမည်။

**ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စ်ပို့ဓာတ်ပုံ (၄)ပုံ၊ ဖွားစာရင်း မူရင်းနှင့် မိတ္တူ
၂။ မိဘ(၂)ဦး မှတ်ပုံတင် မူရင်းနှင့် မိတ္တူ
၃။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ
၄။ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ရပ်ကွက်တွင်နေထိုင်ကြောင်းထောက်ခံချက်
၅။ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာန၏ ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်
၆။ အကြားအာရုံချို့ယွင်းမှုတိုင်းတာစစ်ဆေးပြီးသည့် နားကြားနှုန်း( Audiograph dB ) စာရွက်စာတမ်း

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသောကလေးများကျောင်း၊ အမှတ်-၃၄၊ F, G၊ အိုးစု(၃)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ နားမကြားသောကလေးများကျောင်း၊ အကွက်- ၈၅၈ ၊ ချမ်း/တောင်ရပ်ကွက် ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့သို့ လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။ စာပေပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ် တက်ရောက်ခွင့်ရရှိပါက သွားလာရေးခက်ခဲသောဒေသများမှ နားမကြားကျောင်းသား/သူများ၏စားသောက်နေထိုင်ရေးကို နိုင်ငံတော်က တာဝန်ယူမည်ဖြစ်ပြီး ကျောင်းကြေးနှင့် ကျောင်းလခ ပေးရန်မလိုပါ။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးဌာနစု၊ ဖုန်းနံပါတ် ၀၆၇ -၃၄၀၄၂၅၂၊ နားမကြားသောကလေးများကျောင်း(ရန်ကုန်) ဖုန်းနံပါတ် ၀၁-၉၅၄၈၈၇၂၊ ၀၉ - ၂၅၀၀၇၇၂၆၈ နှင့် နားမကြားသောကလေးများကျောင်း(မန္တလေး) ဖုန်းနံပါတ် ၀၂ - ၄၀၃၄၆၁၇ ၊ ၀၂ - ၄၀၃၀၀၄၃၊ ၀၉ - ၄၀၂၆၆၂၆၈၉ တို့ကို (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **လူမှုဝန်ထမ်းဦးစီးဌာန**

# (၅၉) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

**ရန်ကုန် မေ ၂၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်သည့် (၅၉) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် (၄) ကြိမ်မြောက် အာဆီယံ-အမေရိကန်ပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ ရန်ကုန်မြို့ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။




ဦးစွာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက အာဆီယံဒေသတွင်း ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ကြိုးပမ်းဆောင်ရွက်မှုများအပေါ် များစွာ နှစ်ထောင်းအားရဖြစ်မိပါကြောင်း၊ အာဆီယံ၏ မျှော်မှန်းချက်ဖြစ်သည့် ဒေသတွင်းပေါင်းစည်းဆက်သွယ်မှု၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ခံနိုင်ရည်ရှိမှုတို့ကို မိမိတို့အတူတကွ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်ပါအတိုင်း အာဆီယံမျှော်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဘက်စုံပို့ဆောင်ရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အမျိုးသားသယ်ယူပို့ဆောင်ရေးပင်မစီမံကိန်း၏ ဦးစားပေးလုပ်ငန်းအစီအစဉ်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များဖြစ်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ခံနိုင်ရည်ရှိရေးနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအစည်းအဝေးများတွင် အာဆီယံ-နယူးဇီလန်လေကြောင်းပို့ဆောင်ရေး သဘောတူစာချုပ်ချုပ်ဆိုရေး၊ အာဆီယံဒေသတွင်း လျှပ်စစ်မော်တော်ယာဉ် အကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းပြမြေပုံရေးဆွဲရေး၊ အာဆီယံဒေသတွင်း သင်္ဘောစွန့်ပစ်ပစ္စည်းများ စဉ်ဆက်မပြတ်စီမံခန့်ခွဲရေးအတွက် မဟာဗျူဟာရေးဆွဲရေး၊ ၂၀၂၆-၂၀၃၀ ကာလအတွက် အာဆီယံပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များ အပြီးသတ်ဆွေးနွေးအတည်ပြုရေး စသည်တို့ကို ဆွေးနွေးသွားမည်ဟု သိရှိရသည့်အတွက် ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း၊ အာဆီယံ၏အကြားအလပ်မရှိသော၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရှိပြီး ပေါင်းစည်းထားသည့် သယ်ယူပို့ဆောင်ရေးကွန်ရက်ဖြစ်ပေါ်စေရန်အတွက် အဖွဲ့ဝင်နိုင်ငံများအကြား စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်ကူညီပံ့ပိုးမှုများမှတစ်ဆင့် အပြည့်အဝအောင်မြင်မှုရရှိမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ငလျင်ဘေးဒဏ်သင့်ဒေသများအတွက် အဖွဲ့ဝင်နိုင်ငံများ၏ ပံ့ပိုးကူညီမှုများကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံသည် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအဆင့် အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများအဆင့်အစည်းအဝေးများကို ၂၀၁၄ ခုနှစ်တွင် အလှည့်ကျအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ထပ်မံအလှည့်ကျရောက်သဖြင့် ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်းနှင့် ယခုကျင်းပသည့် (၅၉) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံလျှပ်စစ်သုံးယာဉ်များ၏ ဘက်ထရီစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာမူဝါဒ(မူကြမ်း) ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၂၁**





သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ မြန်မာနိုင်ငံလျှပ်စစ်သုံးယာဉ်များ၏ ဘက်ထရီစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာမူဝါဒ (မူကြမ်း) ညှိနှိုင်းဆွေးနွေးပွဲ (၁/၂၀၂၅)ကို ယမန်နေ့တွင် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) စုဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ဦးဆောင်ကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံလျှပ်စစ်သုံးယာဉ်များ၏ ဘက်ထရီစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒ (မူကြမ်း)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လေ့လာချက်များအရ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန်တွင် မူဝါဒကို ချမှတ်ထားမှသာလျှင် လျှပ်စစ်သုံးယာဉ်မှ ထွက်လာမည့် ဘက်ထရီစွန့်ပစ်ပစ္စည်းများသည် ပြည်သူနှင့်သဘာဝပတ်ဝန်းကျင်မထိခိုက်စေရန် နောင်အနာဂတ်အတွက် အဓိကကျသော အခြေခံအုတ်မြစ်တစ်ခုချမှတ်နိုင်မည်ဖြစ်ကြောင်း၊ နည်းပညာ ပြောင်းလဲတိုးတက်မှုအပေါ်မူတည်၍ မူဝါဒကို ပြင်ဆင်ဖြည့်စွက်သွားမည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ပြင်ပကုမ္ပဏီအဖွဲ့အစည်းများ အနေဖြင့်လည်း ဦးဆောင်ကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ သုတေသနလုပ်ငန်းနှင့် သင်တန်းများဖွင့်လှစ်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ သုတေသနနှင့်တီထွင်ဆန်းသစ်မှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဖြူဖြူဝင်းက မြန်မာနိုင်ငံလျှပ်စစ်သုံးယာဉ် ဘက်ထရီစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒ(မူကြမ်း) ပေါ်ထွက်လာရေး ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ညွှန်ကြားရေးမှူး ဒေါက်တာလှမျိုးအောင်က သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ အကြံပြုသဘောထားမှတ်ချက်နှင့် စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက်ချက်များကို ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက မြန်မာနိုင်ငံလျှပ်စစ်သုံးယာဉ်များ၏ ဘက်ထရီစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒ (မူကြမ်း)နှင့်စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက်လိုသည်များကို အကြံပြုဆွေးနွေးကြသည်။

အခမ်းအနားသို့ လျှပ်စစ်သုံးယာဉ် ဘက်ထရီစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ ဆပ်ကော်မတီဝင်များ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လျှပ်စစ်သုံးယာဉ်များ၏ ဘက်ထရီစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒမူကြမ်းရေးဆွဲရေး အဖွဲ့ဝင်များ၊ အစိုးရ စက်မှုလက်မှုသိပ္ပံနှင့် အထက်တန်း ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ လျှပ်စစ်သုံးယာဉ် တင်သွင်းရောင်းချသော ကုမ္ပဏီများမှ လုပ်ငန်းရှင်များ၊ ဦးစီးဌာနများမှ ဖိတ်ကြားထားသောပညာရှင်များ တက်ရောက်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လျှပ်စစ်သုံးယာဉ် Workshop အလုပ်ရုံတွင် Polytechnic University (မအူပင်)၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၊ ပြည်နည်းပညာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် (တောင်ငူ)တို့မှ ကျောင်းသားများ Internship ဆင်းကာ လေ့လာနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်


**နေပြည်တော်  မေ  ၂၁**

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပြန် တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း မေ ၂၃ ရက်မှ ၃၀ ရက်အတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ် ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေ ကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

၂၃-၅-၂၀၂၅ ရက်နေ့မှ ၃၀-၅-၂၀၂၅ ရက်အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



# တိုက်ကြီးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**တိုက်ကြီး  မေ  ၂၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် မိုးဦးရာသီ၌ အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေး ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ခုနှစ်ကြိုက်ကျေးရွာအုပ်စု မင်္ဂလာသီရိဘုန်းတော်ကြီးကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါအသိပညာပေးဟောပြောပွဲ ဆောင်ရွက်သည်။



**ထောက်ပံ့ပေးအပ်**

ဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက မိုးဦးကာလတွင် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေး၊ ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများ အောင်မြင်စေရေးအတွက်ပြည်သူများကိုယ်တိုင် မိမိတို့နေအိမ်နှင့် ပတ်ဝန်းကျင်တွင် ခြင်ပေါက်ပွားမှုမရှိစေရေး၊ ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက် စေလိုကြောင်း ပြောကြားသည်။ ဆက်လက်၍ တော်လတီ တိုက်နယ်ဆရာဝန် ဒေါက်တာ ထွန်းလင်းအောင်က သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ကျန်းမာရေး အသိပညာပေး ဆွေးနွေးပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက တက်ရောက်လာသော ပြည်သူများအား ဆေးစိမ်ခြင်ထောင်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကျေးရွာအတွင်း နေအိမ်များရှိ သောက်သုံးရေကန်များ၊ ရေစည်၊ ရေအိုးများအား အဘိတ်ဆေးခတ်ခြင်း၊ ခြင်ပေါက်ပွားမှုမရှိစေရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရွှေပြည်သာမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**ရန်ကုန်  မေ  ၂၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်းနှင့်အဘိတ်ဆေးခတ်ခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်( ၆)ရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ လူမှုကူညီရေးအသင်းရုံးများနှင့် လူနေအိမ်များ၌ ဆောင်ရွက်သည်။

**အသိပညာပေး**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၏ လမ်းညွှန်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ယဉ်မေသွယ်နှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက မိုးရာသီကာလအတွင်း ခြင်၊ ပိုးလောက်လမ်းများ ပေါက်ပွားမှုမရှိစေရန်၊ ရေကန်များအား ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်းဆောင်ရွက်ပြီး ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နတ်တလင်းမြို့၌ မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲကျင်းပ

**နတ်တလင်း  မေ  ၂၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) အထွေထွေမန်နေဂျာဦးအောင်ဇော်မိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ချေးငွေအကြံပေးဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦးက ဆွေးနွေးပြောကြားကာ တာဝန်ရှိသူများက ဂျိတ်တောကြီးကျေးရွာရှိ တောင်သူ ၁၀၄ ဦး၏ ၆၇၄ ဧကအတွက် တစ်ဧက ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၀၁၁ သိန်းအား မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ကြောင်း သိရသည်။



**ဝေယံဖြိုး(ပြန်/ဆက်)**



# မုဒုံမြို့နယ်၌ မုန်တိုင်းဘေးတုံ့ပြန်ရေးဆိုင်ရာနှင့် ပြည်သူလူထုပါဝင်သော ဇာတ်တိုက်လေ့ကျင့်ခြင်းများဆောင်ရွက်

**မုဒုံ  မေ  ၂၁**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် မုန်တိုင်းဘေးအန္တရာယ် တုံ့ပြန်ရေးဆိုင်ရာနှင့် ပြည်သူလူထုပါဝင်သော ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ပင်လယ်ဆိပ်ကမ်းနားရှိ ကတုံးပေါ်ကျေးရွာ၌ ပြုလုပ်သည်။

**ဇာတ်တိုက်လေ့ကျင့်**

ဦးစွာ မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းက အဖွင့်အမှာစကား ပြောကြားပြီး မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဖုန်းမြင့်အေးက မုန်တိုင်းသတိပေး အရေးပေါ်ထုတ်ပြန်ချက် (အညိုရောင်အဆင့်)သတင်းကို ကျေးရွာနေ ပြည်သူလူထုများ သိရှိနိုင်ရန် အသံချဲ့စက်ဖြင့် ကြေညာပြီး ကြိုတင်ပြင်ဆင် သတ်မှတ်ထားသည့် ကုန်းမြင့်ပိုင်း ဇရပ် (ဘေးလွတ်ရာနေရာ)သို့ ပြောင်းရွှေ့ကြရာ ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူများကို ကူညီရွှေ့ပြောင်းပေးခြင်း၊ ကျန်ရှိသူများကို ရှာဖွေကယ်ဆယ်ဆောင်ရွက်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကို ရှေးဦးသူနာပြုစုစောင့်ရှောက်ခြင်းနှင့် ဆေးရုံ၊ ဆေးခန်းသို့ လူနာတင်ယာဉ်ဖြင့် ကူညီပို့ဆောင်ခြင်းတို့ကို ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

**ရာမည (ပြန်/ဆက်)**

# 39th Junior Golf Myanmar Championship ပြိုင်ပွဲဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ Junior Golf Myanmar (JGM)၏ (၃၉)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက် ပြိုင်ပွဲ ဒုတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို မေ ၂၁ ရက်က ရန်ကုန်မြို့ ကိုးမိုင်ရှိ မြန်မာဂေါက်သီးရိုက် အသင်း၌ ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်နာယက ဦးအောင်ကြည်က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ပြိုင်ပွဲလက်ခံကျင်းပပေးသော မြန်မာဂေါက်သီးရိုက်အသင်း၊ ကစားသမားများအားလက်ဆောင်ပစ္စည်းများ ပေးအပ်ပေးသော Kings International School နှင့် HAN Golf Master Pte., Ltd တို့အား အမှတ်တရဂုဏ်ပြုလက်ဆောင်ကို မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM)ဥက္ကဋ္ဌ ဦးမြင့်အောင်က ပေးအပ်ရာ မြန်မာဂေါက်သီးရိုက်အသင်းမှ အတွင်းရေးမှူး ဦးဆန်းလွင်၊ Kings International School Business Development Manager Laurel နှင့် HAN Golf Master Pte., Ltd ဒါရိုက်တာ ဦးအောင်ထွန်းဦးတို့က လက်ခံရယူသည်။ ထို့နောက် Junior Golf Myanmar(JGM) တွဲဖက်အတွင်းရေးမှူး ဦးမြင့်ဇော်က ပြိုင်ပွဲနှစ်ရက်တွင် ကြိုးစားယှဉ်ပြိုင်ခဲ့သော ဘုန်းမြင့်မြတ်စံ၊ ချစ်ခွန်းသီအောင်နှင့် ဆုရတီထက်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။




မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်နာယက ဦးအောင်ကြည် အမျိုးသား ၁၈ နှစ်အောက်တွင် ပထမဆုရရှိသည့် ကောင်းထက်အား ဆုချီးမြှင့်စဉ်။

ယင်းနောက် Junior Golf Myanmar (JGM) အတွင်းရေးမှူး ဦးကျော်မင်းမင်းလတ်က အသက် ၁၂ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် ၂၂၈ ချက်ဖြင့် တတိယဆုရရှိသော ကောင်းခန့်ဇော်၊ ၁၉၂ ချက်ဖြင့် ဒုတိယဆုရရှိသော အောင်စိုးထွန်း၊ ၁၅၁ ချက်ဖြင့် ပထမဆုရရှိသော ထူးမြတ်အောင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် Junior Golf Myanmar (JGM) အမှုဆောင် ဒေါ်စုယမင်းက အမျိုးသမီး ၁၂ နှစ်အောက် သက်တမ်းတွင်၂၀၇ ချက်ဖြင့် တတိယဆုရရှိသော ရတနာအောင်၊ ၂၀၀ ချက်ဖြင့် ဒုတိယဆုရရှိသော သီရိခိုင်ဇော်၊ ၁၇၆ ချက်ဖြင့် ပထမဆုရရှိသော Choi Hui၊ မြန်မာဂေါက်သီးရိုက်အသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်ခိုင်က အမျိုးသမီး ၁၈ နှစ်အောက်သက်တမ်းတွင် ၁၉၁ ချက်ဖြင့် တတိယဆုရရှိသောနှင်းရွှေရည်ဝင်း၊ ၁၅၇ ချက်ဖြင့် ဒုတိယဆုရရှိသော ဆုနှင်းဖြူ၊ ၁၅၃ ချက်ဖြင့် ပထမဆုရရှိသော ချိုသာအောင်၊ မြန်မာဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌ ဦးအေးကိုကိုစိုးက အသက် ၁၄ နှစ်အောက် အမျိုးသားသက်တမ်းတွင် ၁၆၁ ချက်ဖြင့် တတိယဆုရရှိသော ကျော်သံလွင်ဟိန်း၊ ၁၅၉ ချက်ဖြင့် ဒုတိယဆုရရှိသော နိုင်ဦးကို၊ ၁၅၇ ချက်ဖြင့် ပထမဆုရရှိသော အောင်သန်းထွဋ်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအားကစား အဖွဲ့ချုပ်နာယက ဦးအောင်ကြည်က အမျိုးသား ၁၈ နှစ်အောက်တွင် ၁၆၀ ချက်ဖြင့် တတိယဆုရရှိသော ခန့်ဘုန်းလျှန်၊ ၁၅၉ ချက်ဖြင့် ဒုတိယဆုရရှိသော Choi Hwan၊ ၁၅၅ ချက်ဖြင့် ပထမဆုရရှိသော ကောင်းထက်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

39th Junior Golf Myanmar Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၂၀ ရက်နှင့် ၂၁ ရက်က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MGF**

## မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကြီး ကျင်းပမည်

ရန်ကုန် မေ ၂၁

၂၀၂၅ ခုနှစ် မေ ၂၅ ရက်တွင် ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားခန်းမတွင် မြန်မာ့ရိုးရာလက်ဝှေ့ကလပ်(MFC)က စီစဉ်သော မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်၏ ကြီးကြပ်မှုနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### တွဲဆိုင်း ၁၂ ဆိုင်း ပါဝင်

အဆိုပါပြိုင်ပွဲကြီးတွင် ခေါင်တွဲဆိုင်းများအဖြစ် ထွန်းမင်းနိုင်(မြန်မာ)နှင့် Veenut (ထိုင်း)၊ ရာမည်(မြန်မာ)နှင့် Kittisak (ထိုင်း)၊ ကျော်ဇင်လတ်(MFC)နှင့် ထွန်းတောက်မင်း(အဖြူရောင်သွေးသစ်) တို့ အပါအဝင် အလားအလာကောင်းသည့် ရိုးရာမောင်များ၏ ပွဲကောင်း တွဲဆိုင်း ၁၂ ဆိုင်း ပါဝင်မည်ဖြစ်သည်။

**မျိုးမင်းသူရ**

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မေ ၁၂ ရက်မှ ၁၈ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၅၃ ဒသမ ၅၈၀၄ တန်၊ သစ်မာ ၁၃ ဒသမ ၈၀၄၂ တန်၊ အခြား ၃၇ ဒသမ ၁၇၆၄ တန်၊ စုစုပေါင်း ၁၀၄ ဒသမ၅၆၁၀ တန်၊ ယာဉ်/ယန္တရားလေးစီး၊ တရားခံကိုးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မေ ၂၁

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၆၀ | ၂၈၃၀ | ၂၇၆၅ | ၂၈၇၀ | ၂၈၈၅ | ၂၉၀၀ | ၂၈၂၀ | ၄၅၀၅ | ၃၁၁၅ | ၂၈၃၅ | ၂၈၄၀ | ၂၉၁၀ | ၂၈၇၅ | ၂၈၉၅ | ၃၁၅၀ |
| 95 Ron | ၂၈၀၅ | ၂၉၂၀ | ၂၈၈၅ | ၂၈၂၀ | ၂၉၂၅ | ၂၉၄၀ | ၂၉၆၀ | ၂၈၇၅ | ၄၅၆၀ | ၃၁၇၀ | ၂၈၉၅ | ၂၈၉၅ | ၂၉၆၅ | ၂၉၃၀ | ၂၉၅၀ | ၃၂၁၀ |
| HSD (500 ppm) | ၂၃၂၀ | ၂၄၃၀ | ၂၄၀၀ | ၂၃၃၅ | ၂၄၄၀ | ၂၄၅၅ | ၂၄၇၀ | ၂၃၉၀ | - | ၂၆၈၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၈၀ | ၂၄၄၅ | ၂၄၆၅ | ၂၇၂၀ |
| HSD (50 ppm) | ၂၈၅၅ | ၂၉၆၅ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၅ | ၂၉၂၅ | ၄၈၃၀ | ၃၂၂၀ | ၂၉၄၀ | ၂၉၄၅ | ၃၀၁၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၅၅ |
| HSD (10 ppm) | ၂၈၅၅ | ၂၉၆၅ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၅ | ၂၉၂၅ | - | ၃၂၂၀ | ၂၉၄၀ | ၂၉၄၅ | ၃၀၁၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၈၇ | ၂၆၇၂ |
| 95 Ron | ၂၆၄၂ | ၂၇၂၈ |
| HSD (500 ppm) | ၂၁၇၀ | ၂၂၄၃ |
| HSD (50 ppm) | ၂၆၈၉ | ၂၇၇၂ |
| HSD (10 ppm) | ၂၆၈၉ | ၂၇၇၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၂၉-B၀)၊ လေးထောင့်ကန်စီမံချက်၊ မြေကွက်အမှတ်(၂၇၁)ဟုခေါ်တွင်သော ဧရိယာ(၀. ၆၈၁) ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၂၇၁)၊ စွယ်တော် (၃)လမ်း၊ လေးထောင့်ကန်စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးဇော်သူကျော် [၁၃/ကခန(နိုင်)၀၈၈၉၁၂] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ ၄၅၀၅၉၈၆၂၄၊ ၀၉ ၂၅၃၅၆၀၀၇၀**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ လူနေရပ်ကွက်အမှတ်(၁၃၂)၊ ဗိုလ်မှူးဗထူးလမ်း၊ မြေကွက်အမှတ် (၄၉) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးခင်အောင်အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၄၀ x ၆၀)ပေရှိ ပါမစ်မြေကွက်နှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိဆက်စပ်စာချုပ်များဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်နန်းခမ်းအေး [၁၃/ကမန (နိုင်) ၀၂၁၀၆၂] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးသူရဦး[၉/ညဥန(နိုင်) ၂၁၁၈၇၂] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသူရဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ ၄၅၀၅၉၈၆၂၄၊ ၀၉ ၂၅၃၅၆၀၀၇၀**

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ရှမ်းပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျပ်သန်း(၂၀၀)အထက် ကျေးလက်တံတားလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါစတင်ရောင်းချမည့်ရက် | ၂၃-၅-၂၀၂၅ ရက်၊ (သောကြာနေ့) |
| (ခ) | တင်ဒါရောင်းချမှုပိတ်သိမ်းရက် | ၅-၆-၂၀၂၅ ရက်၊ (ကြာသပတေးနေ့) |
| (ဂ) | တင်ဒါ(နောက်ဆုံး) တင်သွင်းရမည့်ရက် | ၆-၆-၂၀၂၅ ရက်၊ (သောကြာနေ့)၊ ညနေ(၁၆:၃၀)နာရီ |
| (ဃ) | တင်ဒါဖွင့်လှစ်မည့်ရက် | ထပ်မံကြေညာသွားပါမည် |
| (င) | တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ | ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ |
| (စ) | တင်ဒါတင်သွင်းရမည့်နေရာ | ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ |

၂။ အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်(တောင်ပိုင်း)ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၉၆၀၆၉၅၄၈၄ ရှမ်းပြည်နယ်(တောင်ပိုင်း)

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန မှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 9(T)/DPTSC(PSD)/ 2025–2026 | 230kV Galvanized Steel Tower–10 Sets (186 Tons) ဝယ်ယူရန်။ |
| ခ | 10(T)/DPTSC(PSD)/ 2025–2026 | Clamp and Fitting များ ဝယ်ယူရန်။ |
| ဂ | 11(T)/DPTSC(PSD)/ 2025–2026 | Galvanized Angle Iron များ ဝယ်ယူရန်။ |
| ဃ | 12(T)/DPTSC(PSD)/ 2025–2026 | Proper Clamp and Fitting (for Substation) ဝယ်ယူရန်။ |
| င | 13(T)/DPTSC(PSD)/ 2025–2026 | 245kV Gantry ဝယ်ယူရန်။ |
| စ | 14(T)/DPTSC(PSD)/ 2025–2026 | 72.5kV Bushing ဝယ်ယူရန်။ |
| ဆ | 15(T)/DPTSC(PSD)/ 2025–2026 | 230kV Bushing (for Single Phase Power Transformer), 36 kV Bushing (for Single Phase Power Transformer)များ ဝယ်ယူရန်။ |
| ဇ | 16(T)/DPTSC(PSD) /2025–2026 | 230kV Bushing (for Shunt Reactor) ဝယ်ယူရန်။ |
| ဈ | 17(T)/DPTSC(ADM) /2025–2026 | လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ပရီမီယမ်ဒီဇယ်ဆီ (၆,၀၀၀) ဂါလန်နှင့် ဓာတ်ဆီ (အောက်တိန်း-92) (၁၀,၀၀၀)ဂါလန် ဝယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၄-၆-၂၀၂၅) ရက် (၁၄:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web – Portal (www.moep.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ ဗဟို(၃၆)လမ်း၊ မြေကွက်အမှတ်(K – ၅၇)ဟုခေါ်တွင်သည့် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ဦးစောလွင် အမည်ဖြင့် ချထားပေးသည့် အကျယ်အဝန်း (၄၀ x ၆၀) ပေ အကျယ်ရှိ မြေကွက်အတွင်းမှ ခေါင်းရင်းခြမ်း (၂၀x၆၀)ပေအကျယ်ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မြင့်မြင့်အေး(ဘ)ဦးသောင်းညွန့် [၁၂/သလန(နိုင်)၀၁၂၇၁၇]ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသည့် ဦးပြည့်စုံအောင်(ဘ)ဦးကြည်လှိုင်[၁၃/ကလန (နိုင်) ၁၀၅၀၄၄]၊ ဒေါ်ဇာခြည်ဝင်း (ဘ)ဦးသိန်းထွန်း [၁၂/သကတ(နိုင်)၁၈၂၅၁၇]တို့မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့်တရားဝင် စာချုပ်စာတမ်း အထောက်အထား၊ စာရွက်စာတမ်း(မူရင်း)အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက် အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)** | **ဒေါ်ခိုင်သူဇာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ် – ၈၉၄၉/၂၀၁၃)** | **(စဉ် – ၉၇၃၄/၂၀၁၄)** |
| **၀၉ – ၄၂၁၀၅၃၁၁၀** | **၀၉ – ၄၂၁၀၅၃၁၀၁** |

**(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ရှမ်းပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျပ်သန်း(၂၀)မှ ကျပ်သန်း(၂၀၀)အထိ ကျေးလက်လမ်း၊ တံတားနှင့် အခြားလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါစတင်ရောင်းချမည့်ရက် | ၂၃-၅-၂၀၂၅ ရက်၊ (သောကြာနေ့) |
| (ခ) | တင်ဒါရောင်းချမှုပိတ်သိမ်းရက် | ၂၉-၅-၂၀၂၅ရက်၊(ကြာသပတေးနေ့) |
| (ဂ) | တင်ဒါ(နောက်ဆုံး) တင်သွင်းရမည့်ရက် | ၃၀-၅-၂၀၂၅ ရက်၊ (သောကြာနေ့)၊ ညနေ(၁၆:၃၀)နာရီ |
| (ဃ) | တင်ဒါဖွင့်လှစ်မည့်ရက် | ထပ်မံကြေညာသွားပါမည် |
| (င) | တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ | ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ |
| (စ) | တင်ဒါတင်သွင်းရမည့်နေရာ | ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ |

၂။ အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း- ၀၉-၉၆၀၆၉၅၄၈၄ ရှမ်းပြည်နယ်(တောင်ပိုင်း)
၀၉-၂၆၂၉၈၈၈၃၃ (ရှမ်းပြည်နယ်(အရှေ့ပိုင်း))

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (မမ-၈)၊ ဦးပိုင်အမှတ်- ၆၄(ခဲစင်း)၊ ၄၆x၄၇ ကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ညို [၉/ပသက(နိုင်) ၀၄၇၇၇၅]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၂၁၄၀/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်ခိုင် [၉/ခအဇ(နိုင်)၀၁၆၅၇၃]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၂)၊ လူနေရပ်ကွက်အမှတ် (၁၃၂)၊ ဗိုလ်မှူးဗထူးလမ်း၊ မြေကွက်အမှတ် (၄၃) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးကံကြည်အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၄၀x၆၀)ပေရှိ ပါမစ်မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိဆက်စပ်စာချုပ်များဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်နန်းခမ်းအေး [၁၃/ကမန(နိုင်)၀၂၁၀၆၂] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးသူရဦး [၉/ညဥန(နိုင်)၂၁၁၈၇၂]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသူရဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ အကွက်အမှတ်(၃၈/ဖက်တန်း)၊ ဦးပိုင်အမှတ်(၁၃)၊ မြေချိန်ဧရိယာ(၀.၀၃၅)ဧကရှိ F–2445/D(19.2.72) မြေကွက်နှင့်မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် မော်လမြိုင်မြို့၊ မြို့နယ်မြေစာရင်းဦးစီးဌာန(၁-က)မှတ်ပုံတင်စာရင်းတွင် ဦးတင်ညွန့်နှင့် ဒေါ်လှကျင် အမည်ပေါက်ပိုင်ဆိုင်သော အိမ်နှင့်အိမ်ရာမြေကွက်ဖြစ်ပါသည်။

အထက်ပါအိမ်နှင့်အိမ်ရာမြေကွက်ကို ဖခင် ဦးတင်ညွန့်နှင့် မိခင် ဒေါ်လှကျင်တို့မှ မော်လမြိုင်မြို့၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အိမ်နှင့်မြေကွက် မေတ္တာဖြင့်ပေးကမ်းခြင်းကတိစာချုပ်အမှတ်- ၄၅/၂၀၂၅ အရ သမီးဖြစ်သူ ဒေါ်သီသီညွန့် [၁၀/မလမ(နိုင်)၀၀၀၂၄၇] ကိုင်ဆောင်သူအား မေတ္တာဖြင့်ပေးကမ်းခဲ့၍ ဒေါ်သီသီညွန့်မှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်နေ့မှစ၍ ရက်ပေါင်း(၃၀) အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အမည်ပြောင်းလျှောက်ထားခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အများသိရှိရန် ကြေညာလိုက်သည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

## အများသိစေရန် ကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်-၄၄၊ ဧရိယာ- ၀.၀၅၅ဧက၊ မြေကွက်တည်နေရာအမှတ်-၄၄၊ မဟာဗန္ဓုလလမ်း၊ ၂-ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးသန်းထွန်း (DL-022504) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသန်းထွန်းထံမှ ပိုင်ဆိုင်စာချုပ်အမှတ်- ၇၁၉၆/၂၀၂၄ (၃-၉-၂၀၂၄)ဖြင့် ပိုင်ဆိုင်သူ ဒေါ်မြင့်မြင့် [၁၂/တမန (နိုင်) ၀၄၉၇၁၁]မှ နှစ်(၆၀) ဂရန်မူရင်းမှာ အိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးကြောင်း၊ အဆိုပါဂရန်မူရင်းအား အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိကြောင်းနှင့် အမှန်တကယ် ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း၊ အရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း (၂၆-၉-၂၀၂၄)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ပိုင်ဆိုင်စာချုပ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခွင့်ပြုပြီးဖြစ်ပါသဖြင့် အမှုတွဲအမှတ်- လသရ/၀၁၅/၉၄ (၂၂-၆-၉၄)ဖြင့် မူလထုတ်ပေးခဲ့သည့် ဦးသန်းထွန်း အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) မူရင်းအား ပယ်ဖျက်ပြီး ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၆ ဂျီ၊ မြေကွက်အမှတ် (၇၀/ဒ)၊ ဧရိယာ (၀.၂၃၀)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်အနက်မှ တရားဝင်မြေကွက်မခွဲမစိတ်ရသေးသော မူလမြေကွက်ကြီး၏ မြောက်ဘက်ခြမ်းရှိ အကျယ်အဝန်း (၃၅ ပေx ၁၀၀ ပေ)ရှိ ဂရန်မြေကွက်နှင့်ယင်း မြေကွက်ပေါ်ရှိ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ငွေဝတ်မှုံရိပ်သာလမ်း၊ အမှတ် (၇၀/ဒ) ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ **ဒေါ်ငွေငွေရီ [၁၀/မဒန(နိုင်)၀၀၇၁၈၈]– MMO–၂၆၇၂၀၅** ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၆ အတွင်းရှိ မြေကွက်အမှတ်- ၅၂၆၊ ဧရိယာ (၀.၀၅၅)ဧက+ မြေကွက်အမှတ်- ၅၂၇၊ ဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက် (၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အမှတ် (၅၂၆ + ၅၂၇)၊ အင်း၀ (၄)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဟုခေါ်တွင်သည့် မြေကွက်လွတ်သက်သက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ **ဦးစိုးကျော်ဦး [၈/မဘန(နိုင်)၀၀၁၅၈၁]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁၆၀၆၀၇**

# တောတောင်
# ပျက်ပြုန်း
# မြေဆီ
# သုဉ်း၏

## အမည်ပြောင်း

ဦးဇော်ထွန်းခိုင် [၁၁/မဥန(နိုင်)၀၃၂၁၁၁]၏သား ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ICEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–6 မှ မောင်အောင်သူငြိမ်းအား မောင်အောင်သူဟိန်း ဟုပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အောင်သူဟိန်း**

# ဥတု ရာသီ
# တောကို
# မှီ၏

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ ကွင်းအမှတ်- ၁၀၄၀၊ ကွင်းအမည် ဆက်သွားကျွန်းကွင်း၊ ဦးပိုင်အမှတ်(၇၉/က)၊ အိမ်ရာမြေကွက်အမှတ်-(၁၆/၁၇) ဦးကျော်ဇေယျ အမည်ပေါက် ဧရိယာ (၆၀x၈၀)ပေ အိမ်ရာမြေကွက်ချထားခွင့်ပြုသည့် ခြံမြေကွက်အနက်မှ အကျယ်အဝန်း ဧရိယာ (၄၀x၆၀)ပေရှိ ခြံမြေကွက်နှင့် ယင်းမြေပေါ်ရှိ ဆောက်လုပ်ထားသော တစ်ထပ်တိုက်နေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ဆက်စပ်စာချုပ်ဖြင့် လက်ရောက်ရရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ပြုံးပြုံးအေး (ဘ) ဦးစိုးဟန် [၁၂/လကန(နိုင်)၁၅၆၉၆၁] ကိုင်ဆောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ငွေပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်မှုဆိုင်ရာစာရွက်စာတမ်းမူရင်းများနှင့် အတူ ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပဟေမာဗိုလ်စိုး (ဘ) ဦးစိုးဝင်းအောင် [၁၀/မလမ(နိုင်)၀၀၅၉၀၃] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဖြူဖြူခိုင် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၃၆၂၆/၂၄–၁၀–၂၀၁၇)**
**အောင်မင်္ဂလာရပ်ကွက်၊ ငြိမ်းချမ်းဖြိုးလမ်း၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09–795482460, 09–420298613**

## ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားကျေးရွာအုပ်စု၊ စမ်းချောင်းကြီးကျေးရွာ၊ လှော်ကားလမ်းမကြီး၊ ကွင်းအမှတ်(၅၆၁)၊ ကွင်းအမည်- ကရင်ချောင်းကွင်း၊ ဦးပိုင်အမှတ် (၆၂/၇၆)၊ ဦးခင်အေး အမည်ဖြင့် မှတ်သားတည်ရှိသော ရွာမြေ၊ မြေအကျယ်အဝန်း အလျား (၁၅)ပေx အနံ(၈၅)ပေရှိ မြေကွက်နှင့် ဦးတင်လှ အမည်ဖြင့် မှတ်သားတည်ရှိသည့် ရွာမြေ၊ မြေအကျယ်အဝန်း အလျား (၃၅)ပေx အနံ(၁၁၀)ပေရှိ မြေကွက် စုစုပေါင်းမြေကွက်နှစ်ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ လျှပ်စစ်မီတာနှစ်လုံး၊ ရေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးတင်လှ (ဘ) ဦးဘိုးစိန် [၁၂/ရပသ(နိုင်)၁၂၂၃၅၀]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးသန်းဌွေး (ဘ) ဦးမြတ်ရှိန် [၁၄/ကခန(နိုင်)၁၄၁၉၆၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် (စရန်ငွေ)တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟုအဆိုရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ညိမ်းညိမ်းထွေး (LLB.DBL)** | **ဒေါ်အေးငြိမ်းသူ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၃၁၅)** | **အထက်တန်းရှေ့နေ(စဉ်–၅၃၂၃၉)** |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ၀၉–၇၉၃၉၆၇၂၈၄**

## “ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ သမဦးစီး(၁)လမ်း၊ ကွင်းအမှတ်(၁၀၃၈)၊ ကွင်းအမည်-ငှက်ပျောတောကွင်း၊ ဦးပိုင်အမှတ်(၉/၂၀ ဃ)၊ ဒေါ်အေးအေးမြင့် အမည်ဖြင့် မြေခွန်ပြေစာထွက်ရှိသည့် ဧရိယာ(၀.၂၇)ဧက(ပေအားဖြင့် ၄၀x၈၀ ပေ)ရှိသည့် ခြံမြေကွက်နှင့် ယင်းခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်အေးအေးမြင့် [၁၂/ရကန(နိုင်) ၀၃၄၁၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကိုလင်း [၁၂/သဃက(နိုင်) ၁၈၅၄၇၈]က အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကိုလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အိသိမ့်သိမ့်ကျော် (LL.B, Q)**
**အထက်တန်းရှေ့နေ(စဉ်–၄၉၅၁၄)**
**အမှတ်(၁၈၄)၊ ၁/ရ(၄)လမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့။ ၀၉–၇၈၉၄၀၄၉၉၅၊ ၀၉–၄၅၆၂၄၁၅၁၄**

## တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့် တင်ဒါစည်းကမ်းအသေးစိတ်နှင့် တင်သွင်းရမည့် ဆေးဝါးစာရင်းကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများကို တစ်စုံလျှင် -၁၀၀၀၀/- ကျပ် (တစ်သောင်းကျပ်) နှုန်းဖြင့် ဆေးရုံအုပ်ကြီး (ရုံးခန်း)တွင် ဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| ၃။ တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | ၂၀-၅-၂၀၂၅ ( အင်္ဂါနေ့) |
| တင်ဒါလျှောက်လွှာ ပိတ်မည့်နေ့ | - | ၁၇-၆-၂၀၂၅ (အင်္ဂါနေ့) ညနေ (၄:၀၀)နာရီ |
| ၄။ အိတ်ဖွင့်တင်ဒါ ပြုလုပ်မည့်နေ့ | - | ၁-၇-၂၀၂၅ (အင်္ဂါနေ့) နံနက် (၁၀:၀၀)နာရီ |

**(တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ)**
**အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီး**
**စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၁-၆၄၅၇၅၆ ၊ ၀၁-၆၄၅၇၅၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဘုရားငုတ္တိုမြောက်ကျေးရွာအုပ်စု၊ ဘုရားငုတ္တိုမြောက်ကွင်း၊ ကွင်းအမှတ် (၁၃၃)၊ ဦးပိုင်အမှတ် (၁/၅)၊ (၁.၀၂) ဧက အကျယ်အဝန်းရှိ R1 အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူ **ဒေါ်ခင်သန်းစိန်** (၁၃/တကန (နိုင်) ၀၀၆၆၂၆) က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏အမှုသည်က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရံငွေ အချို့ကိုပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာချုပ်မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းဗိုလ်အေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၂၄)**
တိုက် - ၁၀၄/၁၁၂၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၉၆၅၁၅၄၇၀၉

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)ရန်ပြေ ၁၆ လမ်းအရှေ့၊ အမှတ်(၅၄)မြေကွက် (၉၃၁/က+ခ) မြေအကျယ်အဝန်း (ပေ၄၀x ၆၀ပေ)ရှိ ဦးရဲမင်းအောင်၊ ဦးအေဝမ်း၊ ဒေါ်စန်း အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်မှ (A4)(၄လွှာ)ဟုခေါ်တွင်သော အကျယ်အဝန်း (၁၉ပေx ၅၄ပေ) ရှိ ရေမီးစုံတိုက်ခန်း တစ်ခန်းနှင့် တိုက်ခန်းတွင်အခိုင်အမာတပ်ဆင်ပြီး သောပစ္စည်းများနှင့် ပိုင်ဆိုင်ခွင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးအေဝမ်း [၁၂/သကတ(နိုင်)၀၄၄၈၆၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လဲ့လဲ့မြတ်[၁၂/ဆကခ(နိုင်)၀၀၁၇၂၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသူရဝင်း [B.A, B.Sc(Hons)], DBL(Credit),**
**PGDL, LLB(Q), LLM (2nd year)(Commercial Law), (WIPO)(Switzerland)**
**တရားလွှတ်တော်ရှေ့ နေ (စဉ်-၁၈၅၆၄)**
**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊ ၇(အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း-၀၉-၅၀-၃၇၃၇၀၊ ၀၉-၄၂၀၁၈၄၆၅၊ ၀၉-၇၇၇၇၇၉၄၀၉**

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ- ၂၀)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၅၉

| | | |
|---|---|---|
| ဦးချစ်မောင်မောင် | နှင့် | ဦးခင်မောင်သန်း |
| **တရားလို** | | **တရားပြိုင်** |

အမှတ်(၁၀၁/၁)၊ မူကြိုလမ်း / ကုန်းဘောင်အိမ်ရာလမ်း၊ (၁၆ ဘီ-ရပ်ကွက်)၊ (၁၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးခင်မောင်သန်း (ယခုလိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဝန်ခံကတိစာချုပ်အရ ငွေကျပ်သိန်း(၂၀၀၀) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မေလ (၃၀)ရက်နေ့၊ (၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၄ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ (၁၅)ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဉာဏ်လှလင်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ် လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြဲစွမ်းအင်နှင့်ရေအားစက်ရုံများဌာန လက်အောက်ရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၁၅)ရုံတွင်အသုံးပြုရန် စက်မှုပိုင်းဆိုင်ရာ စက်အရန်ပစ္စည်း (၂၅)မျိုးဝယ်ယူခြင်းတို့အား အောက်ဖော်ပြပါ အတိုင်း (မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | အမျိုးအမည် |
|---|---|---|
| (က) | Tender No. 06(T)/EPGE (REHP)/ 2025-2026 | ဇောင်းတူနှင့်ကွန်းချောင်းဓာတ်အားပေး စက်ရုံတို့အတွက် စက်မှုပိုင်းဆိုင်ရာ စက်အရန်ပစ္စည်း(၆)မျိုး ဝယ်ယူခြင်း။ |
| ( ခ ) | Tender No. 07(T)/EPGE (REHP)/ 2025-2026 | ဘီလူးချောင်း(၁၂)၊ ဇော်ဂျီ(၁)နှင့် ကျိုင်းတောင်းဓာတ်အားပေး စက်ရုံတို့ အတွက် စက်မှုပိုင်းဆိုင်ရာ စက်အရန် ပစ္စည်း (၆)မျိုးဝယ်ယူခြင်း။ |
| ( ဂ ) | Tender No. 08(T)/EPGE (REHP)/ 2025-2026 | ကင်းတား၊ မုန်းချောင်း၊ ကြီးအုံကြီးဝနှင့် မြို့ကြီးဓာတ်အားပေး စက်ရုံတို့အတွက် စက်မှုပိုင်းဆိုင်ရာ စက်အရန်ပစ္စည်း (၅)မျိုး ဝယ်ယူခြင်း။ |
| (ဃ) | Tender No. 09(T)/EPGE (REHP)/ 2025-2026 | ရဲနွယ်၊ ခပေါင်း၊ ရွှေကျင်၊ နန်ချိုနှင့် ဖြူးချောင်းဓာတ်အားပေး စက်ရုံတို့ အတွက် စက်မှုပိုင်းဆိုင်ရာစက်အရန် ပစ္စည်း (၈)မျိုး ဝယ်ယူခြင်း။ |

၂။ ဝယ်ယူမည့်ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) စာအိတ်(က)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) စာအိတ်(ခ)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၃:၀၀)နာရီ နောက်ဆုံးထား၍ (**လူကိုယ်တိုင်**) လာရောက်တင်သွင်းရမည်။

| | | |
|---|---|---|
| ၃။ တင်ဒါပိတ်ရက်နှင့် အချိန် | - | ၄-၆-၂၀၂၅ ရက်နေ့ ၊ (၁၃:၀၀)နာရီ |
| ၄။ တင်ဒါရောင်းချမည့်နေရာ | - | လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော် |
| ၅။ တင်ဒါလက်ခံမည့်နေရာ | - | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ နေပြည်တော်၊ သင်တန်းကျောင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ မော်တော်ယာဉ်ဌာန) |

၆။ တင်ဒါပုံစံများအား သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန Web-Portal (www.moep.gov.mm)တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ (ဖုန်း၊ ၀၉- ၄၄၈၅၃၃၈၉၄)**

## အယူခံမှုကို ဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၉၄

| | | |
|---|---|---|
| ဦးဝင်းတီ (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးသန်းထွန်း) | နှင့် | ၁။ ဦးစံလင်းအောင်(ကွယ်လွန်သူ ဦးအောင်ကြင်၏ တရားဝင် ကိုယ်စားလှယ်) (၎င်းကိုယ်တိုင်နှင့် အယူခံတရားပြိုင်(၉၊ ၁၀)တို့၏ အခွင့်ရကိုယ်စားလှယ်) |
| | | ၂။ ဒေါ်ကြည်ကြည်အောင် |
| | | ၃။ ဒေါ်ဆွေဆွေဝင်း |
| | | ၄။ ဒေါ်ချိုချိုဝင်း |
| | | ၅။ ဦးစောထူး |
| | | ၆။ ဒေါ်မာမာဝင်း |
| | | ၇။ ဦးရဲဝင်း အမှတ်(၇)အယူခံတရားပြိုင် ကိုယ်တိုင်နှင့် (အယူခံတရားပြိုင် ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၈ တို့၏ အခွင့်ရကိုယ်စားလှယ်) |
| | | ၈။ ဦးစိုးအောင် |
| | | ၉။ ဒေါ်အုန်းမြင့် |
| | | ၁၀။ ဦးစံရွှေ |
| **(အယူခံတရားလို)** | | **(အယူခံတရားပြိုင်များ)** |

၂၀၂၃ ခုနှစ်၊ မတ်လ ၂၀ ရက်စွဲပါ မရမ်းကုန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၄၉၄/၂၀၂၂ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ယခုအမှုတွင် အယူခံတရားပြိုင်အမှတ် (၁၀)ဦးစံရွှေသည် ( ၂၃-၅-၂၀၂၃) ကွယ်လွန်သွား၍ အယူခံတရားလိုဘက်မှ ၎င်း၏ သားသမီးများ ဖြစ်ကြသော သမီး ဒေါ်တင်ထားဦးနှင့် သား ဦးချစ်ထွေးဦးတို့အား တရားဝင် ကိုယ်စားလှယ်ထည့်သွင်း ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာမှု အပေါ် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ် (က+ခ)ရပ်ကွက်၊ (ခ/၁)လမ်း၊ အမှတ်(၅)နေ အယူခံတရားပြိုင်အမှတ်(၁၀) ဦးစံရွှေ(ကွယ်လွန်)၏ သမီး ဒေါ်တင်ထားဦးနှင့် သား ဦးချစ်ထွေးဦး ( ယခု နေရပ်လိပ်စာမသိသူတို့) သိစေရမည်။

ယခုအမှုတွင် မရမ်းကုန်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်း တင်သွင်း၍ တရားဝင် ကိုယ်စားလှယ်ကိစ္စကို ၂၀၂၅ ခုနှစ်၊ ဇွန်လ(၁၇)ရက် (၁၃၈၇ ခုနှစ်၊ နယုန်လဆုတ် ၇ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက် သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံး တော်သို့ မလာရောက်ခဲ့လျှင် အဆိုပါ တရားဝင်ကိုယ်စားလှယ်ကိစ္စကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ မေလ (၁၅)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## အမည်ပြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ သာကေတမြို့နယ်နေ ဦးဖြိုးဝေအောင် [၁၂/ဒဂရ (နိုင်) ၀၀၉၆၉၁]၏ သားဖြစ်သူ မောင်ဇွဲသုတအား မောင်သုတဇော်ဟုပြောင်းလဲခေါ်ဆိုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ရပ်ကွက်၊ အကွက်အမှတ် (ဈ-၄)၊ ဦးပိုင်အမှတ်(၉၅)၊ ၁၀၈x၁၀၉ ကြား၊ ၆၁x၆၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ကြည်ကြည်ခိုင် [၁၃/မနန (နိုင်)၀၁၂၆၂၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ လူနေရပ်ကွက်(ကံဘဲ့)၊ မြေကွက်အမှတ်(၃/လ၂၊ ၃/ဒ)၊ ဧရိယာ (၀.၀၂၈ ဧက)+(၀.၀၂၇ဧက) ရှိမြေကွက်(၂)ကွက် ဒေါ်ဟန်သူသူမောင် အမည်ပေါက် မြေပိုင်မြေ[လ/န၊ ၃(ခ)] ဟု ခေါ်တွင်သော ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၂) ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၆၅၁)ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ဟန်သူသူမောင် [၁၂/မဂတ(နိုင်)၀၄၇၁၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မင်းထွန်း [၁၂/သကတ(နိုင်)၁၅၉၉၂၀]က အပြီးအပိုင်ဝယ်ယူရန် မြေကွက်တန်ဖိုး၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဉာဏ်မင်းထက် (LL.B, DIPL)** | **ဒေါ်ယုဇနကို (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း- ၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အသဃ(၃၁) လမ်း၊ အမှတ်(၉၁၆/က)၊ (၁)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ်၊ (၁၈x၅၄)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးသက်ထက်လင်း [၁/မကန(နိုင်)၁၁၃၇၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးညီညီ[၈/မကန(နိုင်)၁၁၈၈၂၈]၊ ဒေါ်ခင်စန္ဒာဝင်း [၁၄/ပသရ(နိုင်)၀၈၅၈၄၄]က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဉာဏ်မင်းထက်(LL.B,D.I.P.L)** | **ဒေါ်ယုဇနကို(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဇ)၊ မြေကွက်အမှတ် (၂၅၆)၊ ဥဇ္ဇနာ (၂)လမ်း၊ အမှတ် (၂၅၆)ဟုခေါ်တွင်သော နှစ်(၆၀) ဂရန်အမျိုးအစား ဦးစိုးသိန်း (N/OKA- ၀၂၄၉၁၂) အမည်ပေါက်၊ အကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ) မြေအနက်မှ ဦးစိုးရီ၏ အမွေခံစားပိုင်ခွင့်ဖြစ်သော (အလျား ၈ ပေ ၄ လက်မx အနံ ၆၀ပေ) အကျယ်ရှိ မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော (၁) ဒေါ်မာလာဦး၊ (၂) ဒေါ်ကေသီဦး၊ (၃) ဦးဇော်မင်းဦး၊ (၄) ဒေါ်ဝါဝါဦး၊ (၅) ဒေါ်ရတနာဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မင်းဝေ [၈/ပခက(နိုင်)၂၄၁၇၁၄]မှ ဝယ်ယူရန်အတွက် အရောင်းအဝယ်အဖြစ် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ယင်းအိမ်မြေနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်လွင်မာဦး (LL.B)** | **ဒေါ်ဖြူဇင်ဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ် -၁၄၅၁၁)** | **အထက်တန်းရှေ့နေ (စဉ် -၄၈၁၉၆)** |

**အမှတ်(၁၁၇၄/က)၊ ဘုရင့်နောင်လမ်းမ၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၉၆၈၆၀၈၈**

## "အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅ အီး၆၊ လူနေရပ်ကွက်အမှတ်(အက်စ်-၇၈)၊ မြေကွက်အမှတ် (V.၁၁၄)၊ ဧရိယာ(၀.၀၂၈)ဧကရှိသော နှစ်(၉၀) မြေငှားဂရန်သည် ဦးသိန်းဖေ အမည်ပေါက်ဖြစ်ပြီး ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေ၏အဘိုးဖြစ်သူ ဦးဘငြိမ်းမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်- ၄၂၁/၁၉၈၇ ဖြင့် ၃၀-၆-၁၉၇၇ ရက်နေ့တွင် ဝယ်ယူပိုင်ဆိုင်ခဲ့သော အိမ်နှင့်မြေဖြစ်ပါသည်။ အထက်ဖော်ပြပါဂရန်မြေပိုင်ဆိုင်မှုသည် ကျွန်ုပ်မိတ်ဆွေ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသည့် ဂရန်မြေဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ နှစ်(၉၀)မြေငှားဂရန်မူရင်းသည် ကျွန်ုပ်မိတ်ဆွေ၏လက်ဝယ်၌ ရှိနေခြင်းမရှိသည့်အတွက် အဆိုပါ နှစ်(၉၀)မြေငှားဂရန်မူရင်းအား လက်ဝယ်ထားရှိသူမှ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း၊ အမည်ပြောင်းလဲခြင်းများမပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးတားမြစ်ကြေညာအပ်ပါသည်။

**နော်အေးစန္ဒာငြိမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မေသက် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၆၁)**
**အမှတ်(၉/၁၁)၊ ၁၀၃-H၊ ပထမထပ်၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၀၁၄၂၆၉၇၊ ၀၉-၄၀၁၇၅၃၅၄၇**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၂)၊ မြေကွက်အမှတ် (၆၄၃)၊ မေတ္တာ (၁)လမ်း၊ (၈၂)ရပ်ကွက်၊ အကျယ်အဝန်း ပေ(၄၀x၆၀) ဧရိယာ(၂၄၀၀ စတုရန်းပေ)**ရှိသော **မြေကွက်**သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် **ပါမစ်အမည်ပေါက် ဦးအောင်သန်း (ISN-၁၃၄၂၈၁)**အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှတစ်ဆင့် **အကျယ်အဝန်း ပေ(၂၀x၆၀) ဧရိယာ(၁၂၀၀ စတုရန်းပေ)ရှိသော မြေကွက်**ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူဖြစ်သော **ဒေါ်အိသန္တာစိန်ဝင်း [၁၂/ဥကတ(နိုင်)၁၈၁၁၄၇]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော **ဒေါ်မော် [၉/တသန(နိုင်)၀၅၂၆၉၈]**က အပြီးအပိုင်ဝယ်ယူရန် အတွက် (**၂၀-၅-၂၀၂၅**)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်နှင့် မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြုလုပ်မည့်မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် [LLB, WIPO (Switzerland)] တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၉၆၇၆၈၃၂၀၄ ၊ ၀၉-၄၅၀၂၇၉၄၆၈**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၅)၊ မြေကွက်အမှတ် (၁၁၉၄)၊ (၈၅)ရပ်ကွက်၊ အကျယ်အဝန်း (၄၀x၆၀) ဧရိယာ (၂၄၀၀ စတုရန်းပေ)**ရှိသော **မြေကွက်**သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် **ပါမစ်အမည်ပေါက် ဦးကျော်ဝ (N/RGN- ၀၀၇၈၂၀)**အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှတစ်ဆင့် **အကျယ်အဝန်း (၂၀x၆၀) ဧရိယာ(၁၂၀၀ စတုရန်းပေ)ရှိသော မြေကွက်**ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူဖြစ်သော **ဦးမြင့်လှိုင် [၈/ဆဖန(နိုင်)၀၈၇၆၂၂]**ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော **ဦးအောင်သူရ [၁၂/ဥကတ(နိုင်)၁၄၁၀၄၉ ]နှင့် ဒေါ်သင်းသင်းခိုင်[၇/ပခန(နိုင်)၁၉၈၉၈၇]**တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် (**၂၀-၅-၂၀၂၅**)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်နှင့် မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့်မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် [LLB, WIPO (Switzerland)] တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၉၆၇၆၈၃၂၀၄ ၊ ၀၉-၄၅၀၂၇၉၄၆၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၆၊ ကြိုးကြာ(၁)လမ်း၊ မြေကွက်အမှတ်-၁၂၅၁၊ အကျယ်အဝန်း(၄၂ပေx၆၀ပေ) ရှိ ဦးတင်လှိုင်(CC-၀၃၅၇၄၆)အမည်ပေါက် ပါမစ်မြေကွက်ကြီးအနက်မှ တရားဝင် ခွဲစိတ်ထားခြင်းမရှိသေးသော မြေကွက်အမှတ်(၁၂၅၂)နှင့် ကပ်လျက်တည်ရှိ သော(၂၂ပေx၆၀ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါ အဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါ ကြောင်း ပြောဆိုဝန်ခံသူ ဒေါ်ခိုင်ခိုင်စိုး[၁၂/စခန(နိုင်)၀၀၈၆၁၀]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းများပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ဆက်သွယ်ပြီး လာရောက်ကန့်ကွက် နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါ အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နန်းမေကြည်အေးမောင် (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၆၈၈)**
**အမှတ်–၁၁၀/က၊ တက္ကသိုလ်ပတ်လမ်း(၁)၊ (၅၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၉၆၆၂၄၃၀၂၅**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်–၁၃၅၊ မြေကွက်အမှတ်–၄၆၈၊ အကျယ်အဝန်း(၄၀ပေx ၆၀ပေ)ရှိ ဦးစိန်အေး(CG–၀၉၁၀၃၅)အမည်ပေါက် ပါမစ်မြေကွက်နှင့်ယင်း မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ပါကြောင်းပြောဆိုဝန်ခံသူ ဒေါ်အေးမြတ်မြတ်မွန်[၅/ပလန(နိုင်) ၀၃၈၈၉၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်း အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ဆက်သွယ်ပြီးလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါအရောင်းအဝယ် ကိုပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နန်းမေကြည်အေးမောင် (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၆၈၈)**
**အမှတ်–၁၁၀/က၊တက္ကသိုလ်ပတ်လမ်း(၁)၊ (၅၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၉၆၆၂၄၃၀၂၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေမှ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇာတာ(၂)လမ်းရှိ (၆)လွှာ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ရွှေရွှေမြင့် [၁၂/ဥကမ(နိုင်)၁၃၈၈၁၃]ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်း များနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**
**ဒေါ်အေးအေးမင်း (LL.B) D.B.L,DL–101 (WIPO)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၉၅၂၁)**
**တိုက်(၉/၁၁)၊ ပထမထပ်(ဘယ်)၊ အခန်း(၁၀၁/C)၊ (၃၆)လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၉၀၅၉၃၀၇**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ – ၃၀၇)
## သဃ်န်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၅၆
## ကွယ်လွန်သူ ဦးKသာနီကိုနီရာပုလဲ (ခ) ဦးကေတံနီကိုဒီရာပီလေး၏ ကျန်ရှိသောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဦးနိုင်ဝင်းစိုး လျှောက်ထားသူ
(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးခင်မောင်ရင်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် (၄၇၈)နေ လျှောက်ထားသူ ဦးနိုင်ဝင်းစိုး (၎င်း၏ အထွေထွေကိုယ်စားလှယ် ဦးခင်မောင်ရင်) က ၎င်းနေရပ်လိပ်စာတွင် အမြဲနေထိုင်ခဲ့ပြီး လွန်ခဲ့သည့် (၉–၁၁– ၁၉၃၇)ရက်နေ့တွင် ကွယ်လွန်သူ ဦးKသာနီကိုနီရာပုလဲ(ခ) ဦးကေတံနီကို ဒီရာပီလေး ၏ မြစ်တော်စပ်သူဖြစ်ကြောင်း၊ အမွေထိန်း လက်မှတ်ရထိုက်ကြောင်း စစ်ဆေးပေါ်ပေါက်၍ (၂၉–၈–၂၀၂၄)ရက်နေ့တွင် သဃ်န်းကျွန်းခရိုင်တရားရုံးတော်မှ အမွေထိန်းလက်မှတ်ထုတ်ပေးခဲ့သည်။ လျှောက်ထားသူ ဦးနိုင်ဝင်းစိုး(၎င်း၏ အထွေထွေကိုယ်စားလှယ် ဦးခင်မောင်ရင်)သည် (၂–၅–၂၀၂၅)ရက်နေ့တွင် သဃ်န်းကျွန်းခရိုင်တရားရုံးတော်၌ ၎င်းလက်ရှိထိန်းသိမ်းထားသော အမွေထိန်း လက်မှတ်ပါ ပစ္စည်းများအား အမွေဆက်ခံခွင့်အက်ဥပဒေပုဒ်မ –၃၀၇အရ စီမံ ဆောင်ရွက်ခွင့်ပြုပါရန် ရုံးတော်သို့ လျှောက်ထားလာသည်။

၎င်းအမှုအရေးတွင် ရုံးတော်သို့ လာရောက်ကန့်ကွက်ရန် သက်ဆိုင်သည်ဟု ထင်မြင်လျှင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ နည်းလမ်းတကျ အခွင့်အာဏာ လွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း (၂၆–၅–၂၀၂၅) ရက်နေ့ နံနက် (၁၀:၀၀) နာရီအချိန်တွင် ဤရုံးတော်သို့ လာရောက်ရန်ဆင့်ဆိုလိုက်သည်။ အဆိုပါနေ့ရက်တွင် လာရောက်ရန်ပျက်ကွက်လျှင် တရားရုံးက လျှောက်ထား သူများ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးကြားနာ၍ စီရင်ချက် ချမှတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ မေလ(၁၆)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**( တင့်တင့်ဌေး )**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အနောက်ပိုင်းတက္ကသိုလ် လမ်း၊ အမှတ်-၉၀(A-B)နေ ဦးဝင်းမြင့် (၆/လလန(နိုင်)၀၃၁၈၂၂)သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မိမိလုပ်ငန်း၏ အမှတ်တံဆိပ်အဖြစ် စာချုပ်အမှတ်စဉ်- ၄/၃၂၆၂ (၉. ၄. ၂၀၂၅)ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်-

S P Z
ရွှေပုစွန်
မွေးမြူရေးအစာ
(ငါးအမှုန့်ကြိတ်သား)

အထက်ဖော်ပြပါ "**ရွှေပုစွန်မွေးမြူရေးအစာ**"ဟူသော ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ငါးအမှုန့်ကြိတ်သားထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း၊ ထုတ်ပိုးမှုလုပ်ငန်းများတွင် အရွယ်အစားအမျိုးမျိုးဖြင့် အသုံးပြုမည့်အပြင် လုပ်ငန်းသုံးအဝတ်အထည်၊ အိတ်အရွယ်အစားအမျိုးမျိုး၊ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာကြော်ငြာ၊ လက်ကမ်း စာစောင်၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဗွီနိုင်း၊ **Letter Head, Internet, Website, Facebook** အစရှိသည်တို့အပြင် ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့် နည်းပညာတို့တွင်လည်း အသုံးပြု၍ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားနှင့် စာလုံး ဒီဇိုင်းပုံစံတံဆိပ်များ၏ အမှတ်အသားများ အားလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထင်ယောင်ထင်မှား၊ ဆင်တူ ယိုးမှား၊ တုပသုံးစွဲခြင်း၊ ဖြန့်ဖြူးထုတ်လုပ်ခြင်းမပြုကြရန်နှင့် အကယ်၍ ပြုလုပ်ပါက ၎င်း၏အကျိုးစီးပွားထိခိုက်ဆုံးရှုံးမှုအတွက် တည်ဆဲဥပဒေများ နှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်နှင်းနန္ဒာသိန်း (LL.B)**
အထက်တန်းရှေ့နေ(စဉ်-၃၇၇၄၁)
အမှတ်(၉၇)၊ (၃+၄)လွှာ၊ ၁၀၁လမ်း၊ ဖို့မြေရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉၄၃၁၂၅၆၇၉

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ Sanchaung Garden Resident (Condo) W.207 နေ ဦးဗိုလ်လင်း[၅/ယမပ(နိုင်)၀၀၇၁၈၆] နှင့် ဒေါ်ဇင်မေသန်း[၁၂/အလန(နိုင်)၀၀၂၅၆၂]တို့၏သား မောင်ဇင်ဝေလင်း[၁၂/ အလန(နိုင်)၀၅၁၃၃၄]သည် မိဘ ဆိုဆုံးမမှုအား နာခံမှုမရှိဘဲ မိဘများအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ခဲ့သောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ပါကြောင်း နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စများအား မိဘများအနေဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ညိုမာမြင့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၈၄၉)**
**အမှတ်(၁၃၈)၊ ဖောင်တော်ဦးဘုရားလမ်း၊ ကျောက်ရေတွင်းရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၄၅၂၆၀၆၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ (၇)ဈေးလမ်း၊ မြေကွက် အမှတ်(၁၀၇၅)၊ အကျယ်(၄၀'x၆၀')ရှိ ဦးမောင်သိန်း အမည်ပေါက် နှစ်(၆၀)ဂရန် ထွက်ရှိထားသော မြေကွက်ပေါ်၌ နှစ်ခန်းတွဲ(၆)ထပ် RC ကန်ထရိုက်တိုက် ဆောက်လုပ် ရာမှ မြေရှင်၏အကျိုးခံစားခွင့် အဖြစ် ရရှိထားသော မြေညီထပ်(ခေါင်းရင်းခြမ်း) အခန်းအကျယ်(၁၈'x၅၄')နှင့် နှစ်(၆၀)ဂရန် (၄၀'x၆၀') (၀.၀၅၅၈ကေ) မြေပိုင်ဆိုင်မှု ပါ အမည်ပေါက် ဦးမောင်သိန်း၏ ဇနီးဖြစ်သူ ဒေါ်စန္ဒာသွင်မှ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ကွယ်လွန်သူ ဦးမောင်သိန်း၏ အမွေဆက်ခံပိုင်ရှင်ရှိသူအဖြစ် ရရှိပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း၊ လွတ်လပ်စွာလွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချလာသောကြောင့် ကျွန်တော် ဦးကျော်လင်း[၁၂/ဥကတ(နိုင်)၁၂၉၈၄၆]မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းပစ္စည်း တိုက်ခန်း၏ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာ ပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးပြတ်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ**
**ဦးကျော်လင်း [၁၂/ဥကတ(နိုင်)၁၂၉၈၄၆]**
**ဖုန်း–၀၉–၅၀၀၃၄၄၉**

## ၆–၅–၂၀၂၅ရက်စွဲဖြင့် ကြေးမုံသတင်းစာ စာမျက်နှာ(၂၇) တွင် ပါရှိသော ဒေါ်ရီရီထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်မိုးမိုးမြင့် တရားလွှတ်တော်ရှေ့နေ၏ ပြန်လည်ရှင်းလင်းကြေညာချက်အား ပြန်လည်ရှင်းလင်း၍ အများသိစေရန် ကြေညာခြင်း

သဃ်န်းကျွန်းမြို့နယ် တရားရုံးတော်၌ (၂၀–၄–၂၀၂၃)နေ့စွဲပါ ၂၀၂၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ်–၂၂၄ အမှုတွင် ရုံးတော်သို့ ဒေါ်ရီရီထွန်း(ခ)ရီရီလတ်၏ သက်သေခံအဖြစ် တင်သွင်းသော ၎င်းနှင့် ဦးကျော်မြင့်တို့၏ လက်ထပ်စာချုပ်အား ရုံးတော်မှ "၂၅–၈–၂၀၁၅ ရက်စွဲပါ လက်ထပ်ထိမ်းမြားမင်္ဂလာစာချုပ်သည် တရားဝင်မှတ်ပုံတင်၍ လက်ထပ်ထိမ်းမြားထားသော စာချုပ်မဟုတ်သည့်အပြင် ညွှန်ကြားချက်နှင့်ကိုက်ညီမှုမရှိသည့် စာချုပ်ဖြစ်၍ သက်သေခံအဖြစ် တင်သွင်းခွင့် မပြုကြောင်း အမိန့်ချမှတ်သည်"ဟု ပါရှိပါသည်။

သို့ပါ၍ ဒေါ်ရီရီထွန်းသည် ဦးကျော်မြင့်ပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်/မရွှေ့ ပြောင်းနိုင် ပစ္စည်းအရပ်ရပ်တို့အပေါ် စီမံခန့်ခွဲခွင့်မရှိကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဇေယျာသူ**
**[၁၂/ပဘတ(နိုင်)၀၀၆၇၀၉]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၇၀၀/၁၀)**
**အမှတ်(၆၂၀)၊ မဟာဆွေလမ်း၊ (၁၃)ရပ်ကွက်၊**
**လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ 09–448049954**

## ဖခင်အမည်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာ တောင်ညွန့်မြို့နယ်နေ ဒေါ်ဌေးဌေး ကြည်[၁၂/မဂတ(နိုင်)၀၀၄၆၈၈] ၏ ဖခင် ဦးကျော်သိန်းနှင့် ဦးသံချောင်း (CF–105527)မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀–၅–၂၀၂၅ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၂၆) ပါ အများသိစေရန်ကြေညာခြင်း တရားလွှတ်တော်ရှေ့နေ ဒေါ်သက်သက်ဇဉ်၏ ကြော်ငြာတွင် MAGOKORO JAPANESE LANGUAGE CENTER ၏ တည်နေရာများတွင် အမှတ်–၁၃၇/၁၀ အစား အမှတ်–၁၃၈/၁၈၊ ခရေပင်လမ်းသွယ်၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ပြင်ဆင်ဖတ်ရှု ပါရန်။

## မူပိုင်အဖြစ်မှတ်ပုံတင်သွင်းထားသော Crystal ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော အမျိုးသမီးဝတ်၊ ကလေးဝတ်၊ ရှပ်အင်္ကျီအမျိုးမျိုး၊ စပို့ရှပ်၊ တီရှပ်၊ ကုတ်အင်္ကျီအမျိုးမျိုး၊ စတိုင်လ်ဘောင်းဘီ၊ ဘောင်းဘီအတိုအရှည်၊ အမျိုးသမီးဝတ်စကတ်အမျိုးမျိုး၊ အမျိုးသမီးဝတ်စွပ်ကျယ်၊ အမျိုးသမီးဝတ် အဝတ်အထည်များ၏ ပုံစံဒီဇိုင်းဆင်တူယိုးမှား မှိုင်ငြမ်းတုပကူးယူ၍ Crystal ကုန်အမှတ်တံဆိပ်ဖြင့် အမျိုးသမီးဝတ်အဝတ်အထည်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများမပြုလုပ်ရန် သတိပေးတားမြစ်ခြင်းနှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ စရည်းပင်လမ်း၊ အမှတ်–၁၇၉ နေ ဦးထွန်းနေဝင်း [၁၂/ဗတထ(ဧည့်)၀၀၀၁၉၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်တို့၏အမှုသည်က အောက်တွင်ကပ်နှိပ်ဖော်ပြထားသော Crystal ကုန်အမှတ်တံဆိပ် အမည် အမှတ်အသားများကို တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး တွင် (၈–၇–၂၀၁၀)ရက်စွဲပါ မှတ်ပုံတင်အမှတ်–၄/၄၇၅၁/၂၀၁၀ အရ မှတ်ပုံတင်သွင်းခဲ့ပြီး ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန တွင်လည်း Application Number: T/2023/011267 ဖြင့် မူပိုင်ခွင့်တင်သွင်းလက်ခံထားပြီးသည့် အမှတ်တံဆိပ်ဖြစ်ပါသည်။

ထိုသို့ တစ်ဦးတည်းမူပိုင်အဖြစ် စတင်မှတ်ပုံတင်သွင်းပြီးသည့်အချိန်မှ ယနေ့အချိန်အထိ Crystal ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် အမျိုးသမီးဝတ်၊ ကလေးဝတ်၊ ရှပ်အင်္ကျီအမျိုးမျိုး၊ စပို့ရှပ်၊ တီရှပ်၊ ကုတ်အင်္ကျီအမျိုးမျိုး၊ စတိုင်လ်ဘောင်းဘီ၊ ဘောင်းဘီအတိုအရှည်၊ အမျိုးသမီးဝတ် စကတ်အမျိုးမျိုး၊ အမျိုးသမီးဝတ် စွပ်ကျယ်၊ အမျိုးသမီးဝတ် အဝတ်အထည်နှင့် ပတ်သက်သော ကုန်ပစ္စည်းအမျိုးမျိုးနှင့် အခြားလူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့အား ကိုယ်တိုင်ထုတ်လုပ်ပြီး ဆိုင်ခန်းများဖွင့်လှစ်၍လည်းကောင်း၊ Online မှလည်းကောင်း မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီ/လက်ကားဖြန့်ဖြူး ရောင်းချ လျက်ရှိပါသည်။ အထက်ဖော်ပြပါ ပစ္စည်းအမျိုးမျိုးတို့ကို တစ်ဦးတည်း မူပိုင်ဖြစ်သော Crystal ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေခြင်းနှင့်ပတ်သက်၍ (၂၀–၂–၂၀၁၁) ရက်စွဲပါ ကြေးမုံသတင်းစာ(စာ–၁၈)တွင် အများသိစေရန်ကြေညာခဲ့ပြီးလည်းဖြစ်ပါသည်။ ထို့အပြင် Crystal မှ ထုတ်လုပ်သည့် အမျိုးသမီးဝတ် အထည်အမျိုးမျိုးတို့ကို နာမည်ကျော်အနုပညာရှင်များနှင့် ဂျာနယ်များတွင် ထည့်သွင်းကြော်ငြာထားပြီးဖြစ်ပါသည်။

ယခုအခါ ကျွန်ုပ်တို့၏အမှုသည်တစ်ဦးတည်း မူပိုင်အဖြစ်သုံးစွဲနိုင်ရန်အတွက် မှတ်ပုံတင်သွင်း ထားသည့် Crystal ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားများဖြင့် အမျိုးသမီးဝတ် အဝတ်အထည် အမျိုးမျိုး၊ ချုပ်လုပ်မှုပုံစံဒီဇိုင်းအမျိုးမျိုး တို့ကို ဆင်တူယိုးမှားထင်ယောင်ထင်မှား မှိုင်ငြမ်းတုပကူးယူ၍ Crystal အမည်ဖြင့် အမျိုးတူကုန်ပစ္စည်းများဖြစ်သည့် အမျိုးသမီးအဝတ်အထည်အမျိုးမျိုးတို့ကို လူပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်းအချို့က မြန်မာနိုင်ငံဈေးကွက်အတွင်း၌ ဖြန့်ဖြူးရောင်းချရန် အတွက် ကြော်ငြာနေခြင်း၊ လိုက်လံဖြန့်ဖြူးရောင်းချနေခြင်း၊ Online လူမှုကွန်ရက်မှတစ်ဆင့် ရောင်းချနေခြင်းတို့ကို တွေ့ရှိရပါသည်။

ထိုသို့ Crystal ကုန်အမှတ်တံဆိပ်ဖြင့် အဝတ်အထည်ဒီဇိုင်းအမျိုးမျိုးတို့ကို ဆင်တူယိုးမှား မှိုင်ငြမ်းတုပ ထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချနေသည့်နေရာနှင့် လူပုဂ္ဂိုလ်အဖွဲ့အစည်းကိုလည်းကောင်း၊ Online Facebook Page များကိုလည်းကောင်း အထောက်အထားခိုင်လုံစွာဖြင့် တွေ့မြင်ကြားသိ စုံစမ်းသိရှိထားပြီးဖြစ်၍ ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါသောကြောင့် မသိနားမလည် သူများ ပါဝင်ပတ်သက်ခြင်း မဖြစ်လာစေနိုင်ရန်အတွက် Crystal ကုန်အမှတ်တံဆိပ်အမည်အမှတ် အသားဖြင့် အဝတ်အထည်ဒီဇိုင်းပုံစံဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား မှိုင်ငြမ်းတုပကူးယူထားသော ကုန်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ရန် ပြင်းထန်စွာသတိပေးအပ်ပါသည်။

သတိပေးတားမြစ်ချက်ကို မလိုက်နာဘဲ တုပထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းပြုလုပ်သည့် မည်သည့်လူပုဂ္ဂိုလ်၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းကိုမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက် မည်ဖြစ်ပါသဖြင့် အများပြည်သူများ မှားယွင်းဝယ်ယူအသုံးမပြုစေရန်နှင့် လက်ဝယ်ထားရှိ ဖြန့်ဖြူး ရောင်းချမှုမရှိစေရန် အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဦးထွန်းနေဝင်း [၁၂/ဗတထ(ဧည့်)၀၀၀၁၉၆]၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်လှလှလွင်(စဉ်–၅၇၇၃) ဒေါ်နွယ်နွယ်ဇင်(စဉ်–၁၅၇၂၄) ဦးဝေဖြိုးကျော်(စဉ်–၁၇၀၀၅)**
**ဒေါ်လဲ့လဲ့ဝင်း(စဉ်–၁၄၁၃၂) ဒေါ်ဝေဇင်အောင်(စဉ်–၁၆၇၀၆) ဦးတင်ထွန်းမြင့်အောင်(စဉ်–၁၇၂၉၂)**
**ဒေါ်သန္တာမော် (စဉ်–၁၄၁၅၂) ဒေါ်ယဉ်မြတ်မွန်(စဉ်–၁၆၈၄၂) ဦးထက်ခေါင် (စဉ်–၁၇၅၆၉)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်–၁၆၇၊ မြေညီထပ်၊ (၃၈)လမ်း၊ ၆–ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၅၁၂၇၁၄၄၊ ၀၉–၇၆၅၁၂၇၁၄၄၊ ၀၁၈–၃၈၄၇၈၃**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## ရုံးသုံး/လုပ်ငန်းသုံးပရိဘောဂပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ရုံးသုံး/လုပ်ငန်းသုံး ပရိဘောဂပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(၁) ရာဘာပေါင်းသားစင် (၈) ဆင့် (အလျား 6'x အနံ 18''x အမြင့် 8') ရာဘာပေါင်းသား(ကျွန်းရောင်) – 130 Nos
(၂) ရာဘာပေါင်းသားစင် (၄)ဆင့် (အလျား 4'x အနံ 18''x အမြင့် 4') ရာဘာပေါင်းသား(ကျွန်းရောင်) – 6 Nos
(၃) ဘီဒို (မှန်) (3' x 6' x 15'') (ကျွန်းရောင်) – 30 Nos
(၄) စာဖတ်စားပွဲ (User အသုံးပြုရန်) (အလျား 3'x အနံ 1' 10'' x အမြင့် 2' 6'') ရာဘာပေါင်းသား(ကျွန်းရောင်) – 26 Nos
(၅) စာဖတ်ထိုင်ခုံ (User အသုံးပြုရန်) Sofa – 26 Nos
(၆) လခြမ်းပုံထိုင်ခုံ (အလျား 6'x အနံ 18''x အမြင့် 18'') Sofa – 5 Sets
(၇) ထိုင်ခုံ (အလျား 6'x အနံ 18'' x အမြင့် 18'') – 5 Nos
(၈) အစည်းအဝေးစားပွဲ(အလတ်) (အလျား 5'x အနံ 3''x အမြင့် 2' 6'') ရာဘာပေါင်းသား(ကျွန်းရောင်) – 1 No
(၉) ထိုင်ခုံ(လက်တန်းပါ) (အမြင့် 3½'x အကျယ် 1½') Sofa – 6 Nos
(၁၀) Locker(သံ) (အလျား 3' 6''x အနံ 17'' x အမြင့် 6') (သံ ၉ ခန်းပါ ၃ ဆင့်) – 4 Nos
(၁၁) Reception Counter(အဝိုက်)နှစ်ဆင့် (အလျား 6' x အနံ 3'' x အမြင့် 3' 6'') (ကျွန်းသား) – 3 Nos
(၁၂) ဖိုင်တင်စင် (အလျား 3' x အနံ 18'' x အမြင့် 6') (ကျွန်းသား) – 5 Nos
(၁၃) ကတ်တလောက်စင် (အလျား 3' 8''x အနံ 17''x အမြင့် 5')(ကျွန်းသား) – 8 Nos
(၁၄) ကလေးစာဖတ်စားပွဲ (အမြင့် 2' 6'') ကြိတ်သား(ရောင်စုံ) – 3 Nos
(၁၅) ကလေးစာဖတ်ထိုင်ခုံ ကြိတ်သား(ရောင်စုံ) – 3 Nos
(၁၆) နံရံကပ်ဘီဒို ရာဘာပေါင်းသား(ကျွန်းရောင်) – 3 Nos
(၁၇) ဖိနပ်စင် တစ်ကွက် (အလျား 1' x အနံ 1' x အမြင့် 10'') ကြိတ်သား(ရောင်စုံ) – 1 No
(၁၈) လှေကား (Manual) အမြင့် 5' (အလူမီနီယံ) – 2 Nos
(၁၉) လက်တွန်းလှည်း (သံ) – 2 Nos
(၂၀) ဘီဒိုအရှည် (မှန်ပါ) (အလျား 10'x အနံ 3' 6'') (သစ်သား) – 11 Nos
(၂၁) ဘီဒို (မှန်ပါ) (အမြင့် 6' x အနံ 3' 6'') (သစ်သား) – 12 Nos
(၂၂) ဘီဒို (၂) လုံးတွဲ (အမြင့် 6' x အနံ 8') (သစ်သား) – 11 Nos
(၂၃) ဘီဒို (အမြင့် 5' x အနံ 3') (သစ်သား) – 5 Nos
(၂၄) စာကြည့်တိုက်မှူးစားပွဲ (အလျား 6' x အနံ 4'x အမြင့် 2.5') (သစ်သား) – 1 No
(၂၅) ကောင်တာစားပွဲအနိမ့်(အဝိုက်) (အလျား 12' x အနံ 1' 8'' x အမြင့် 2' 6'') (သစ်သား) – 2 Nos
(၂၆) သံစင် (အလျား 6' x အနံ 19'' x အမြင့် 8') (သံ) – 35 Nos
(၂၇) စာဖတ်စားပွဲ (အလျား 4' x အနံ 2' x အမြင့် 4') (သစ်သား) – 12 Nos
(၂၈) စာဖတ်ထိုင်ခုံ (လက်တန်းမပါ) (အမြင့် 3 ½' x အကျယ် 1 ½') (သစ်သား) – 12 Nos
(၂၉) စာဖတ်စားပွဲရှည် (အလျား 10' x အနံ 3' 6'' x အမြင့် 2' 6'') (သစ်သား) – 9 Nos

၂။ အိတ်ဖွင့်တင်ဒါများကို (၄-၆-၂၀၂၅)ရက်မှ (၁၀-၆-၂၀၂၅)ရက်အထိ နေ့စဉ် နံနက် (၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် တင်ဒါဖောင် ပရိဘောဂ (၁)စောင်လျှင် ၅၀,၀၀၀/-နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ ကုမ္ပဏီ (၁)ခုလျှင် (၁)ဦးသာ လာရောက်ဝယ်ယူပါရန် မေတ္တာရပ်ခံပါသည်။

၃။ အိတ်ဖွင့်တင်ဒါများ လာရောက်တင်သွင်းရာတွင် ဈေးနှုန်းမပါသည့် Specificstion & Catalogue များကို (၁၁-၆-၂၀၂၅)မှ (၁၆-၆-၂၀၂၅) ရက်နေ့ အထိလည်းကောင်း၊ ဈေးနှုန်းပါသည့် Specificstion & Catalogue များ တင်သွင်းခြင်းကို (၂၃-၆-၂၀၂၅)ရက်နေ့တွင်လည်းကောင်း နံနက်(၀၉:၃၀)နာရီမှ (၁၆:၀၀) နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ လာရောက်ပေးသွင်း ကြရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါအာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ တင်ဒါတင်သွင်းမည့် ပစ္စည်းတန်ဖိုး၏ (၁%)အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် P.O(Performance Order Cheque) ပြုလုပ်၍ ပေးသွင်းရမည် ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၆၇-၃၄၁၂၂၀၃၊ ၀၆၇-၃၄၁၂၂၀၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများ ထုတ်ယူရန် လိပ်စာ**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း- ၀၆၇-၃၄၁၂၂၀၃၊ ၀၆၇-၃၄၁၂၂၀၅**

**တင်ဒါတင်သွင်းရန် လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း- ၀၆၇-၃၄၁၂၂၀၃၊ ၀၆၇-၃၄၁၂၂၀၅**

## ဖခင်အမည်မှန်

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းနေ အ.ထ.က(၅)တွင် ပညာသင်ကြားနေသော မပန်းအိခိုင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းငြိမ်း [၁၂/ဒဂမ (နိုင်) ၀၄၄၇၁၀] ဖြစ်ပါကြောင်း။

**ဦးဆန်းငြိမ်း**

## ဖခင်အမည်မှန်

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းနေ အ.ထ.က မူလွန်(၂၃)တွင် ပညာသင်ကြားနေသော မပန်းသဇင်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းငြိမ်း [၁၂/ဒဂမ (နိုင်) ၀၄၄၇၁၀] ဖြစ်ပါကြောင်း။

**ဦးဆန်းငြိမ်း**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့်ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအတွက် ပစ္စည်းများနှင့် လုပ်ငန်းများအား မြန်မာကျပ်ငွေ (Kyat) ဖြင့် ဝယ်ယူ၊ လုပ်ငန်းအပ်နှံလိုပါသည်-

(က) ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ တောင်ငူမြို့သစ်စီမံကိန်းနှင့် မလွတ်ကင်းသည့် တောင်ငူ-ရခိုင်စု ၃၃ ကေဗွီလိုင်း (၃.၃) မိုင်အား လမ်းအူကြောင်း အသစ်တည်ဆောက်ခြင်းအတွက် ဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများ ဝယ်ယူရန်
(ခ) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင် (နောင်ရင်းဒုံ) ခွဲရုံ၊ 33 kV Outgoing Switch Bay (1 Bay)၊ ပုံးအယ်ခွဲရုံ၊ 33/11 kV (5 ) MVA Transformer Bay (1 Bay) နှင့် ကလော(သရက်ပင်) 33/11 kV (10) MVA (3 Bays)အတွက် လိုအပ်သော ဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများ ဝယ်ယူရန်
(ဂ) ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်း-အိမ်မဲ ၃၃ ကေဗွီလိုင်း ACSR 70 $mm^2$ (၁၄.၂) မိုင်အား ACSR 477 MCM ဖြင့် အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းအား (ပစ္စည်း+လုပ်အားခ)စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း
(ဃ) ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ကဝမြို့နယ်တွင် အင်းတကော်ခွဲရုံမှ ကဝခွဲရုံအထိ လက်ရှိ ၃၃ ကေဗွီလိုင်း ACSR 70 $mm^2$ (၉.၃၂) မိုင်အား ၁၂ မီတာ ကွန်ကရစ်တိုင်၊ သံလက်တန်း၊ ACSR 477 MCM, Overhead Earth Wire ဖြင့် အသစ် တည်ဆောက်ခြင်းလုပ်ငန်းအား (ပစ္စည်း+လုပ်အားခ)စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း
(င) မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်တွင် ကျိုက်ထီးရိုးဘုရားအား ဓာတ်အားပြတ်တောက်မှုမရှိစေရေး ၃၃ ကေဗွီ သီးခြားဖီဒါဖြင့် ဓာတ်အားပေးနိုင်ရေးအတွက် ကျိုက်ထို (ဆောင်နိုင်ကြီး)ခွဲရုံမှ ဝင်းကလောလမ်းဆုံအထိ ၃၃ ကေဗွီ AW/O-C လိုင်း (၅.၅)မိုင် တည်ဆောက်ခြင်းလုပ်ငန်းအား (ပစ္စည်း+လုပ်အားခ) စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း
(စ) ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်-ဓနုဖြူ ၃၃ ကေဗွီလိုင်း ACSR 70 $mm^2$ (၄၀.၃၄) မိုင်မှ ပထမအဆင့် (၂၇.၅) မိုင်အတွက် ACSR 477 MCM ဖြင့် အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းအား (ပစ္စည်း+ လုပ်အားခ) စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း
(ဆ) ဧရာဝတီတိုင်းဒေသကြီး ဆားမလောက်-ညောင်တုန်း ၃၃ ကေဗွီလိုင်း ACSR 70 $mm^2$ (၆) မိုင်အား ACSR 477 MCM ဖြင့် အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းအား (ပစ္စည်း+လုပ်အားခ) စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း
(ဇ) ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ဝေါမြို့နယ်တွင် ၃၃ ကေဗွီ ဝေါဖီဒါ (ကလိလေးတိုင်စင်မှ ဘုရားကြီးမြို့အဝင် ဆည်မြောင်းတာဘောင်အထိ)လက်ရှိ၃၃ ကေဗွီ ဓာတ်အားလိုင်း (၆.၇၁၆) မိုင်အား ၁၂ မီတာ ကွန်ကရစ်တိုင်၊ သံလက်တန်း၊ ACSR 477 MCM, Overhead Earth Wire ဖြင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းအား (ပစ္စည်း+ လုပ်အားခ) စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း

**တင်ဒါစတင်ရောင်းချမည့်ရက်** - (၂၁-၅-၂၀၂၅)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - (၄-၆-၂၀၂၅) ရက်နေ့၊ မွန်းတည့်(၁၂:၀၀) နာရီ

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို သတ်မှတ်နှုန်းထားအတိုင်းဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။
၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာချုပ်ရုံး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ - ၃၀၇)
## သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ် ၊ တရားမအထွေထွေမှုအမှတ် - ၅၇

**ကွယ်လွန်သူ ဦး K သာနီကိုနီရာပုလဲ (ခ) ဦးကေတံနီကိုဒီရာပီလေး၏ ကျန်ရှိသောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**
**ဦးနိုင်ဝင်းစိုး လျှောက်ထားသူ**
(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးခင်မောင်ရင်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၂) ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် (၄၇၈)နေ လျှောက်ထားသူ ဦးနိုင်ဝင်းစိုး (၎င်း၏ အထွေထွေကိုယ်စားလှယ် ဦးခင်မောင်ရင်) က ၎င်းနေရပ်လိပ်စာတွင် အမြဲနေထိုင်ခဲ့ပြီး လွန်ခဲ့သည့် (၉-၁၁-၁၉၃၇) ရက်နေ့တွင် ကွယ်လွန်သူ ဦး K သာနီကိုနီရာပုလဲ (ခ) ဦးကေတံနီကိုဒီရာပီလေး၏ မြစ်တော်စပ်သူဖြစ်ကြောင်း၊ အမွေထိန်းလက်မှတ်ရထိုက်ကြောင်း စစ်ဆေးပေါ်ပေါက်၍ (၇-၁-၂၀၂၅)ရက်နေ့တွင် သင်္ဃန်းကျွန်း ခရိုင်တရားရုံးတော်မှ အမွေထိန်းလက်မှတ်ထုတ်ပေးခဲ့သည်။ လျှောက်ထားသူ ဦးနိုင်ဝင်းစိုး (၎င်း၏ အထွေထွေကိုယ်စားလှယ် ဦးခင်မောင်ရင်)သည် (၂-၅-၂၀၂၅)ရက်နေ့တွင် သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်၌ ၎င်းလက်ရှိထိန်းသိမ်းထားသော အမွေထိန်းလက်မှတ်ပါ ပစ္စည်းများအား အမွေဆက်ခံခွင့်အက်ဥပဒေပုဒ်မ - ၃၀၇ အရ စီမံဆောင်ရွက်ခွင့်ပြုပါရန် ရုံးတော်သို့ လျှောက်ထားလာသည်။

၎င်းအမှုအရေးတွင် ရုံးတော်သို့ လာရောက်ကန့်ကွက်ရန် သက်ဆိုင်သည်ဟုထင်မြင်လျှင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ နည်းလမ်းတကျ အခွင့်အာဏာလွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း (၂၆-၅-၂၀၂၅)ရက်နေ့ နံနက် (၁၀:၀၀) နာရီအချိန်တွင် ဤရုံးတော်သို့ လာရောက်ရန်ဆင့်ဆိုလိုက်သည်။ အဆိုပါနေ့ရက်တွင် လာရောက်ရန် ပျက်ကွက်လျှင် တရားရုံးက လျှောက်ထားသူများ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးကြားနာ၍ စီရင်ချက် ချမှတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ မေ (၁၆)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင့်တင့်ဌေး)**
**တွဲဖက်ခရိုင်တရားသူကြီး (၃)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**




## ပျောက်ဆုံးကြောင်း

(ဘ) ဦးခင်အောင်၏သား မောင်ဆန်းမင်းကို [၁၄/ဓနဖ (နိုင်) ၁၈၃၇၃၇]၏ ရေယာဉ်မှူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၇၅၆၇၇၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်သန်းသန်းဝင်း၏သား မောင်ကျော်ကျော်စိုး [၁၂/သလန (နိုင်)၀၃၂၈၅၃]သည် မိခင်ဖြစ်သူအား အကြိမ်ကြိမ်စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုမူနေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စရပ်အားလုံးအား (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မိခင်-ဒေါ်သန်းသန်းဝင်း**
**ဗိုလ်ချုပ်ရွာ-သန်လျင်**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ကသစ်လမ်း၊ မြေကွက်အမှတ်(၂၃၉)၊ မြေဧရိယာ (၄၀x၆၀)ပေထဲမှ (၁၀x၆၀)ပေ၊ ဒေါ်တင်ကြည်အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သင်းသင်းအေး [၁၁/တကန(နိုင်)၀၅၉၁၀၂]ကိုင်ဆောင်သူထံမှ ကျွန်မ ဒေါ်နန့်အေးမြ [၁၄/လပတ(နိုင်)၂၄၅၁၁၇]ဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ကျွန်မထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန့်အေးမြ**
**အမှတ်(၆၀၉/ခ)၊ ဇေယျာသီရိ(၆)လမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၅၀၀၃၁၆၂၇၊ ၀၉-၄၅၀၈၁၁၈၁၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၃၂-ရပ်ကွက်၊ ရတနာပုံလမ်း၊ မြေကွက်အမှတ် (၁၀၉)၊ အကျယ်အဝန်း (၄၀x၆၀)ပေ အမျိုးအစား နှစ်(၆၀) ဂရန်မြေ [ဒေါ်မွှေးမွှေး(ခ)ကျုံဆန်ဖောင် အမည်ပေါက်ဖြင့် မှတ်သားတည်ရှိသည်။] မြေကွက်၏ခြေရင်းဘက်အခြမ်း၊ [မြေကွက်အမှတ် (၁၀၉၈)နှင့် ကပ်လျက်အခြမ်း] အကျယ်အဝန်း (၂၀x၆၀)ပေ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိလက်ရောက် စီမံခန့်ခွဲပြုနေထိုင်နေကြောင်း မွက်ဟအဆိုပြုသူ ဦးမင်းထွန်းလင်း [၁၄/ဝခမ(နိုင်)၁၀၆၁၉၉]ထံသို့ ကျွန်ုပ်မိတ်ဆွေ ဦးသန်း [၆/ထဝန(နိုင်)၀၈၄၁၄၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါရှိသည့်ရက်မှ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား အောင်မြင်ပြီးမြောက်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လင်းလင်းဦး (LL.B), (D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၇၅၇)**
**ရုံးအမှတ်- ၅၆၃၊ ပထမထပ်၊ အခန်း- ၁၀၃(G)၊ MAC Tower၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၂၁၁၂၀၇၃၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ် (၃၇၂/၃၇၄)၊ ၈-လွှာ(အေ) (ဝဲဘက်)၊ အကျယ်အဝန်း (၁၂ ½ ပေx ၆၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီတာဦး [၁၂/ပဘတ(နိုင်) ၀၁၇၈၅၀] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ (ဘီ) ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၈၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၄ အီး ၁၊ အမှတ်-၅၄၊ ဧရိယာ (၀.၁၁၀) ဧကရှိ နှစ်(၆၀) မြေငှားဂရန်ဟုခေါ်တွင်ပြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ အမှတ် (၁၃) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင် ကြပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်လေးနိုင် [၁၂/တမန(နိုင်)၀၆၄၂၆၆] ကိုင်ဆောင်သူနှင့် ဒေါ်ခင်သက် [၁၂/တမန(နိုင်)၀၄၆၃၈၈] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အဆောက်အဦအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အဆောက်အဦ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L] အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၈၇၅၀၂၁၈၄၁**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက် ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်တွင်းကုန်ပစ္စည်းထုတ်လုပ်မှု ကောင်းမွန်မှသာ ပို့ကုန်များရရှိမည်ဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ အဓိကကုန်ထုတ်လုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ကြရန်လို......**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ပြုလုပ်သော ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ တတိယအကြိမ်ပေးအပ်လှူဒါန်းပွဲတွင် ကျေးဇူးတင်စကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိုက်ကြီးမွေးမြူရေးဇုန်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုး/မွေးမြူရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ဆဲ တိုက်ကြီးမွေးမြူဇုန်နှင့် တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုး/မွေးမြူရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။


ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❒






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိုက်ကြီးမွေးမြူရေးဇုန်နှင့်ပတ်သက်၍ လမ်းညွှန်အမှာစကားပြောကြားစဉ်။




၂၀၂၅ ခုနှစ်၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့်ရက်များပြပုံ

## အနောက်တောင် မုတ်သုံလေ မြန်မာနိုင်ငံ အလယ်ပိုင်း ဒေသများသို့ ဝင်ရောက်

နေပြည်တော် မေ ၂၁

အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ မိုး/ဇလ

## MNL League Cup ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ် ပထမနေ့ ကျင်းပ

ရန်ကုန် မေ ၂၁

၂၀၂၅ MNL League Cup ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်ပထမနေ့ကို မေ ၂၁ ရက်က ဆက်လက်ကျင်းပသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရာမည ယူနိုက်တက်အသင်းက ငွေကြယ်ပွင့်အသင်းကို ရှစ်ဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။ နှစ်သင်းစလုံး နောက်တစ်ဆင့်တက်ရန် အခွင့်အရေးမရှိသော်လည်း အနိုင်ရရှိရေးအတွက် အားကုန်ထုတ်ကစားခဲ့ပြီး နှစ်သင်းပေါင်း သွင်းဂိုး ၁၂ ဂိုးအထိ သွင်းယူခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ◆

**ယနေ့ ဖတ်စရာ**

**နားမကြားသောကလေးများကျောင်းမှ ကျောင်းသား ကျောင်းသူ ခေါ်ယူခြင်း**

စာမျက်နှာ » ၁၆

**မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး ကျင်းပမည်**

စာမျက်နှာ » ၁၈